# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၆)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၁ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၈၃/၂၀၁၁**

**၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်**
**(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)**

**ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ သစ်တောရေးရာဝန်ကြီးဌာန (Ministry of Forestry)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry)အဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဓိကကျ လုပ်ငန်းများ မြန်ဆန်အောင်မြင်ဖြစ်ထွန်းရေး ပြည်သူများ ပူးပေါင်းပါဝင်မှုရရှိအောင် ဆောင်ရွက်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးဖြစ်သည့် သယံဇာတကို လူ့စွမ်းအားဖြင့် ပေါင်းစပ်ဖော်ဆောင် ကျောင်းသား ကျောင်းသူများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်သူများဖြစ်အောင် လေ့ကျင့်သင်ကြား

နေပြည်တော် စက်တင်ဘာ ၆

**ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ ရောက်ရှိသည်။**

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်းပက်)၌ ကျောင်းသားများ၏ လက်တွေ့သင်ခန်းစာများ သင်ကြားပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### တက်ရောက်

ထို့နောက် ဒုတိယသမ္မတသည် ဟိုပုံးမြို့ခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က မိမိဒေသအတွင်း နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လိုအပ်သော အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများကို တင်ပြမည်ဖြစ်ပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ဒေသဆိုင်ရာ အချက်အလက်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အကျယ်အဝန်း၊ လူဦးရေ၊ အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ဆက်သွယ်ရေး၊ မီးသတ်ဦးစီးဌာန အင်အားနှင့်ယာဉ်၊ လျှပ်စစ်ဓာတ်အား၊ သောက်သုံးရေ၊ အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့၏ လက်ရှိအခြေအနေနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနှင်း တောင်ကြီးမြို့ သီရိမင်္ဂလာရပ်တော်မူဘုရားအား ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၅ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် တောင်ကြီးမြို့ ချမ်းသာ ရပ်ကွက်ရှိ သီရိမင်္ဂလာရပ်တော်မူဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဂန္ဓကုဋိတိုက်အတွင်းရှိ သီရိမင်္ဂလာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

## ပြန်လည်ပေးအပ်

ဆက်လက်၍ ဒုတိယသမ္မတသည် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး သီရိမင်္ဂလာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

## ဖူးမြော်ကြည်ညို

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တောင်ကြီးမြို့ သီရိမင်္ဂလာရပ်တော်မူဘုရား ဂန္ဓကုဋိတိုက်အတွင်းရှိ သီရိမင်္ဂလာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်** တရားတော် (ဆရာတော်ဘဒ္ဒန္တကေသဝ) (ပျော်ဘွယ်)
- ၆း၃၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၉)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၁)
- ၈း၅၀ ပုဂံညောင်ဦးမြို့နယ်ရှိ သံဃာတော်များအားသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
- ၉း၁၀ မဟာဗောဓိမဏ္ဍိုရ်ပ်သာ အကြိမ်(၁၀၀)ပြည့်တရားပူဇော်ပွဲ
- ၉း၂၅ Activities in the City ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲ
- ၉း၄၀ အားကစားမြင်ကွင်းစုံ
- ၁၀း၁၅ ဆန်းရွှေပြည်၏ သပြေပင်ရွာမှ အလှူတော်မင်္ဂလာ
- ၁၀း၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ဖိုးသောကြာ)
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Capital ရဲ့ Made in Myanmar Promotion)
- ၁၁း၁၀ ပရိယတ္တိဝန်ဆောင်ဝဋ္ဋသကာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအားပူဇော်ပွဲ
- ၁၁း၂၅ သန်လျင်မြို့နယ်ဂုဏ်ဆောင် ဓမ္မစကြာ ဝတ်ရွတ်ပြိုင်ပွဲ ဆုရသူများအားဂုဏ်ပြုပွဲ
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ ဖန်ကောက်မြို့ရဲ့အလှတရားများ
- ၁၂း၃၅ မဟာဝေဇယန္တာ ဓမ္မရိပ်သာ၏ ပဋ္ဌာန်းဘုရားပူဇော်ပွဲနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ
- ၁း၀၀ **ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်** တရားတော်(ဆရာတော် ဘဒ္ဒန္တကေသဝ)(ပျော်ဘွယ်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း(ကိုယ့်အားကိုယ်ကိုး တာကောင်းတယ်၊ သူများအားကိုး တာကောင်းတယ်)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၉)
- ၄း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၁)
- ၅း၂၀ Activities in the City (Eternal Light မဂ္ဂဇင်း၏ ပထမအကြိမ်စာပေဟောပြောပွဲ)
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV -4 သတင်း
- ၆း၂၀ စပါးအထူးအထွက်တိုးရန် သိပ္ပံနည်းကျစိုက်နည်း(၁၄)ချက်
- ၆း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၀)
- ၇း၂၀ Cartoon Show Time (Road Rally)
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ **သင်ကြားရေးလမ်းညွှန်** (Youth Training Center)
- ၈း၄၅ Celebrity Style (ဝါဆိုမိုးဦး)
- ၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၂)
- ၁၀း၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၀း၃၅ Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)
- ၁၁း၀၅ **ဖန်တီးသူနှင့်အနုပညာ** (မျိုးသန္တာထွန်း) (အပိုင်း-၂)
- ၁၁း၃၀ ဆေးဖက်ဝင်…ဝင်ငွေတိုး… "ဝ" ဥပင်ကိုပျိုး
- ၁၁း၄၅ World of Knowledge (Smart Tennel)
- ၁၂း၃၅ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
- ၁၂း၅၅ အများထဲကတစ်ယောက်
- ၁း၁၀ လှမ်းခဲ့ပါဆွေ မနောမြေ
- ၁း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (iHair & Beauty Spa)
- ၁း၄၀ ဘဝဆည်းဆာအလှရှင်များ၏ နားခိုရာ
- ၁း၅၅ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၂း၂၀ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
- ၂း၃၅ ဒို့တိုင်းဌာနီဇရာဝတီ (ရော်ဘာ၊ ပုလော၊ သဘော်၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၄း၁၀ လယ်တီသာသနာ၊ လယ်တီကျောက်စာ
- ၄း၃၅ သာယာစိုပြေကြံခင်းမြေ
- ၄း၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်

**MRTV-4 အစီအစဉ်များကို**
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်**
**ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**
**တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်**
**UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၇ ရက်)

# ကျန်းမာပျော်ရွှင်သောမိသားစုဘဝရရှိရေး ဆေးလိပ်သောက်ခြင်းမှ ရှောင်ရှားပေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိပြီး ယင်းတို့အနက် အများစုသည် အာရှတိုက်မှဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများသည် ဆေးလိပ်၊ ဆေးရွက်ကြီး၏ အန္တရာယ်ကို သိမြင်လာသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု ကျဆင်းလာခဲ့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက် ရှိသည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိုထိခိုက်သဖြင့် ဆေးလိပ်သောက် ခြင်းကို လူတိုင်းရှောင်ကြဉ်သင့်ပေသည်။ ဆေးလိပ်သောက်သူအများစုသည် ကလေးသူငယ်ဘဝမှ စတင် သုံးစွဲရာက ဆေးလိပ်စွဲသွားတတ်ကြသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာ တိုးတက်များပြားလာသည်။

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်းများစွာပါဝင်ရာ ယင်းတို့အထဲတွင် လူကို အန္တရာယ်ဖြစ်စေသောဓာတ်များ ပါဝင်လျက်ရှိသည်။ ယင်းတို့အထဲတွင် နီကိုတင်းသည် စွဲလမ်းစေသော အာနိသင်ဖြစ်သောကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စမ်းသပ်သုံးစွဲရာမှ တဖြည်းဖြည်းနှင့် စွဲလမ်းလာပြီး မသောက်ရလျှင်မနေနိုင် ဖြစ်ရသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး၊ စီးကရက်သုံးစွဲသူတို့သည် အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုး ကင်ဆာ၊ အစာမျိုပြွန်၊ ဆီးအိတ်၊ ကျောက်ကပ်၊ အသည်း စသည့် ကင်ဆာရောဂါများ ဖြစ်စေနိုင်ပြီး သွေးကင်ဆာလည်း ဖြစ်နိုင်သည်။

ဆေးလိပ်သောက်သူနှင့် သူ၏ပတ်ဝန်းကျင်တွင်လည်း ဆေးလိပ်ငွေ့ရှူရှိုက်ရသည့်အတွက် လသား အရွယ်များ ရုတ်တရက်သေဆုံးခြင်း၊ ကလေးငယ်များ အဆုတ်ရောဂါဖြစ်ခြင်း၊ နားပြည်ယိုခြင်းတို့ ဖြစ်ပွားနိုင် သည်။ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်လျှင် မိခင်နှင့်ကလေးကို ထိခိုက်စေသည်။ သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းသည်လည်း ဝမ်းတွင်းသန္ဓေသားကို ထိခိုက်စေနိုင်သည်။ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ခြင်းကြောင့် ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းသည့် ကလေးမွေးခြင်းတို့ဖြစ်နိုင်သည်။ ဆေးလိပ်သောက်သုံးသူမိခင်မှ မွေးဖွားသော ကလေးသည် ကိုယ်အင်္ဂါဖွံ့ဖြိုးမှု ပုံမှန်မဟုတ်ဘဲ နှေးကွေးကြိုလှီတတ်သည်။

သို့ဖြစ်ပေရာ ဆေးလိပ်သောက်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ရလဒ်များသည် သောက်သုံးသူသာမက ပတ်ဝန်းကျင်ရှိသူများပါ အငွေ့ရှူရှိုက်မိခြင်းကြောင့် ဆိုးကျိုးများသာ ရရှိခံစားရသဖြင့် လူတိုင်း ကျန်းမာကြံ့ခိုင်သော လူမှုဘဝရရှိရန်၊ ကျန်းမာပျော်ရွှင်သောမိသားစုရရှိရန် ဆေးလိပ်သောက်သုံး ခြင်းကို ရှောင်ကြဉ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ငြိမ်းချမ်းရေးဆွေးနွေးမှုကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခြင်းမရှိအောင် နောက်ကွယ်ကကြိုးကိုင်ဟန့်တားနေသော အတားအဆီးအနှောင့်အယှက်များရှိနေ

◆ *ကျော်ဖုံးမှ*

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍတွင် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ **နိုင်ငံတော်အစိုးရက တိုင်းရင်းသားများပြန်လည်သွေးစည်းညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့အစီအစဉ်ရှိသည်၊ ယခင်အစိုးရကချမှတ်ခဲ့သော တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးမူဝါဒကို ပြည်သူတို့ထံထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံညှိနှိုင်းရန်အတွက် တိုင်းရင်းသားများယုံကြည်ကိုးစားသည့် တိုင်းရင်းသားပြည်သူများပါဝင်သော စေ့စပ်ညှိနှိုင်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကော်မရှင်(Peace Commission)အဖွဲ့ကို ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် **တောတွင်းကျန်ခဲ့သော အတိုက်အခံလက်နက်ကိုင်အဖွဲ့အစည်းများသည် ပါတီစုံပါဝင်သော အစိုးရပေါ်ပေါက်လာပါက ၎င်းအစိုးရမှ လက်ကမ်းကြိုဆိုဆွေးနွေးမည်ဟုကြားသိခဲ့ရပြီး ယခုလက်ရှိအချိန်ထိ အဘယ်ကြောင့်ဆွေးနွေးမှုမရှိသည်၊ ယခုအချိန်သည် ဆွေးနွေးသင့်သည့်အချိန်ကောင်းရောက်နေပြီဖြစ်သဖြင့် မည်သည့်ပုံစံဖြင့်ညှိနှိုင်းဆွေးနွေးကြမည်၊ ညှိနှိုင်းဆွေးနွေးရန်နှင့် မူဝါဒချမှတ် ဆောင်ရွက်ရန် ရည်ရွယ်ချက် ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုမေးမြန်းသည့်မေးခွန်း(၂)ခုတွင်ပါရှိသော မေးမြန်းချက်များ၏ အနှစ်သာရနှင့်ရည်ရွယ်ချက်များသည် ယေဘုယျအားဖြင့် အတူတူပင်ဖြစ်သည်ကို တွေ့ရှိရသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အနေဖြင့် မေးခွန်း(၂)ခုစလုံးကို တစ်ပေါင်းတည်းဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံတော်၏ ငြိမ်းချမ်းရေးအခြေအနေကိုကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီကထက် များစွာတိုးတက်ကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ သို့သော်လည်း ယခုအခါ နယ်စပ်ဒေသများတွင် လက်နက်ကိုင်ဆန့်ကျင်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အချို့ ကျန်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ထို့အတူ အခြေခံဥပဒေနှင့် အညီ အသွင်ကူးပြောင်းမှုကို လက်မခံနိုင်သေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များလည်း ကျန်ရှိနေပါသေးကြောင်း။

## ကမ်းလှမ်းပြောကြား

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခကို မလိုလားပါကြောင်း၊ သွေးထွက်သံယိုမှုကို မလိုလားပါကြောင်း၊ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးကိုသာ လိုလားပါကြောင်း၊ အလားတူ ပြည်သူများ၏အလိုချင်ဆုံးသော ဆန္ဒသဘောထားဖြစ်သည်ကိုလည်း နားလည်ပါကြောင်း၊ ထို့အတူ ယနေ့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်ကို သဘောပေါက်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတကိုယ်တိုင်က 'မူဝါဒလမ်းစဉ်(၇)ရပ်ကို သံသယရှိနေသေးသည့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသည့်သူများကိုလည်း ၎င်းတို့၏သံသယများပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်လာအောင် မိမိတို့၏မှန်ကန်သောစေတနာကို ပြသဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မတူညီသည့်သဘောထားအမြင်များကြားမှ တိုင်းပြည်နှင့်လူမျိုးအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အားလုံးအတွက်လည်း ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှုပြီး ငြိမ်းချမ်းရေးတံခါးဖွင့်ထားကြောင်း' ဖြင့် အတိအလင်း ကမ္ဘာသိ မြန်မာသိ ကမ်းလှမ်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ထိုကမ်းလှမ်းပြောကြားချက်ကို လေ့လာကြည့်လျှင် သဘောထားမတူညီကြသည့် နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားများအတွက် ပါဝင်သကဲ့သို့ အစိုးရကို အကြောင်းအမျိုးမျိုးနှင့်လက်နက်ကိုင် ဆန့်ကျင်နေကြသည့် လက်နက်ကိုင်များအတွက်လည်း ပါဝင်သည်ကိုတွေ့နိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြောကြားခဲ့သည့်အတိုင်း ယနေ့အခါတွင် 'အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာသော လွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ တရားရေးအဖွဲ့များနှင့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး' အတွက် စီးပွားရေးပြုပြင်ပြောင်းလဲ ဖော်ဆောင်မှုများ၊ မက်ခရိုစီးပွားရေးမူဝါဒများပြုပြင်ရန် ကြိုးပမ်းနေမှုများ၊ မက်ခရိုစီးပွားရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော်နေမှုများ၊ ဥပဒေပြုရေးအတွက် ပြုပြင်ဖြည့်စွက်သင့်သည်များကို ပြုပြင်ဖြည့်စွက်ရေး၊ ပယ်ဖျက်သင့်သည်များပယ်ဖျက်ပြီး အသစ်ပြဋ္ဌာန်းရေးဆောင်ရွက်နေမှုများ၊ လူမှုရေးအတွက် ပင်စင်လစာတိုးမြှင့်ပေးမှုအပါအဝင် ပညာရေး၊ ကျန်းမာရေး ပြုပြင်တိုးမြှင့်ဖော်ဆောင်ပေးမှုများ၊ နိုင်ငံတကာဆက်ဆံရေးပြုပြင်တိုးမြှင့်ဆောင်ရွက်မှုများ၊ နိုင်ငံရေးတွင်လွတ်လပ်မှုပိုမိုပေးပြီး သဘောထားကြီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နေမှုများအပြင် ကျန်ရှိသောအခြားသောကဏ္ဍများတွင်ပါ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ ပြုလုပ်ပြီး နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်စေတနာနှင့် လုပ်ရပ်ကို ပြသလျက် ရှိပါကြောင်း။

## အခြေအနေမှန်

ထို့အတူ ငြိမ်းချမ်းရေးအတွက်လည်း ကချင်ပြည်နယ်တွင် KIO/KIA နှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် 'မှန်ကန်သည့်စေတနာ၊ မြော်မြင်သည့်အသိ၊ နားလည်စာနာသည့်စိတ်ထား'များဖြင့် ဆွေးနွေးညှိနှိုင်းပြီး အဘက်ဘက်မှ အစွမ်းကုန် လိုက်လျောဆောင်ရွက်ခဲ့သည်၊ ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၁၂-၈-၂၀၁၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်လည်း အခြေအနေမှန်များကို ရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း။

ယခုလည်း KIO/KIA အတွက်သာမက အခြားသောနယ်စပ်တွင်ကြွင်းကျန်နေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်း မပြုကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအတွက် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့က အစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းကမ်းလှမ်းချက်တွင်-

(၁) နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးပူးပေါင်းတည်ဆောက်သွားရန် အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊

(၂) လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့်ပဏာမဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများတွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့များ ဖွဲ့စည်းနေပြီဖြစ်ပါကြောင်း၊

(၃) ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့်အဖွဲ့အစည်းနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် အတိအလင်းဖော်ပြထားပါကြောင်း။

နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့ ဖွဲ့စည်းရာတွင်လည်း သင့်တော်သည့် တိုင်းရင်းသားများ ထည့်သွင်းဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကမ်းလှမ်းလာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းချက် ကြေညာချက်အမှတ်(၁/၂၀၁၁)ပါအတိုင်း လက်ခံဆွေးနွေးညှိနှိုင်းပြီး ပထမဦးစွာ ယာယီအပစ်အခတ်ရပ်ဆိုင်းရေး၊ ၎င်းမှတစ်ဆင့်ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးဆွေးနွေးတည်ဆောက်ရာတွင် တစ်ဖက်တည်းက တစ်ဖက်သတ်ဆောင်ရွက်၍ရသည့် ကိစ္စမျိုးမဟုတ်ပါကြောင်း၊ နှစ်ဖက်စလုံးမှ ငြိမ်းချမ်းရေးအတွက် အမှန်တကယ်လိုလားပြီး ရိုးရိုးသားသားနှင့် အပေးအယူ၊ အလျှော့အတင်းများဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ကြမှသာ အောင်မြင်မှုရနိုင်သည့် လုပ်ငန်းစဉ်မျိုးဖြစ်ပါကြောင်း၊ မကြာမီက ပြုလုပ်ခဲ့သော KIO/KIA နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ဆိုလျှင်လည်း နိုင်ငံတော်ဘက်က လိုက်လျောနိုင်သမျှ လိုက်လျောခဲ့သော်လည်း တစ်ဖက်ကမိမိဖြစ်ချင်သည်ကိုသာတောင်းဆိုနေသည့်အတွက် အခက်အခဲဖြစ်ပြီး ယနေ့အထိမအောင်မြင်သေးသည်ကို တွေ့နိုင်ပါကြောင်း၊ အလားတူ အတိတ်ကာလတွင် ပြုလုပ်ခဲ့သည့် အချို့သောငြိမ်းချမ်းရေးဆွေးနွေးမှုများကို ကြည့်လျှင်လည်း နိုင်ငံတော်ဘက်က စစ်ဆင်ရေးများရပ်ဆိုင်းပေးထားမှုကို အခွင့်ကောင်းယူပြီး ငြိမ်းချမ်းရေးဆွေးနွေးနေသော လက်နက်ကိုင်အဖွဲ့အစည်းများဘက်က နယ်မြေတိုးချဲ့ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ဆန့်ကျင်စည်းရုံးလှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်တင်ခြင်း စသည့် မရိုးသားသော ကျူးလွန်ဖောက်ဖျက် လုပ်ဆောင်မှုများကြောင့် ဆွေးနွေးပွဲပျက်ပြားခဲ့ရသည့် သာဓကများအကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပြီးဖြစ်ပါကြောင်း၊ အချို့လက်နက်ကိုင်အဖွဲ့များကလည်း ၎င်းတို့၏ စစ်ရေး၊ နိုင်ငံရေး အကျပ်အတည်းများမှ ခေတ္တအသက်ရှူပေါက်ရရန်သာ ရည်ရွယ်လျက် ဟန်ပြဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အမှန်တကယ်ငြိမ်းချမ်းရေး ရယူလိုသည့် သဘောထားဆန္ဒမရှိခဲ့သည့်အတွက် ဆွေးနွေးပွဲမအောင်မြင်ခဲ့ရသော ဖြစ်စဉ်များလည်းတွေ့ကြုံခဲ့ရပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး၏ ငြိမ်းချမ်းရေးအမှန်တကယ်လိုလားမှုနှင့် သဘောထားရပ်တည်ချက် မှန်ကန်မှုအပေါ်တွင် ရာနှုန်းအတော်များများ မူတည်နေသည်ကို သုံးသပ်တွေ့ရှိနိုင်ပါကြောင်း။

## စည်းရုံးတိုက်တွန်း

သို့ဖြစ်၍ ဒေါ်နန်းဝါနုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုက်တွန်းတောင်းဆိုကြရာတွင် နိုင်ငံတော်အစိုးရဘက်ကို တင်ပြတိုက်တွန်းသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးကိုအမှန်တကယ်လိုလားပြီး ရိုးသားစွာဆွေးနွေး ညှိနှိုင်းလိုသည့် သဘောထားရပ်တည်ချက်မှန်ကန်လာအောင် ဝိုင်းဝန်းတိုက်တွန်းခေါ်ဆောင်ပေးကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ၎င်းတို့ငြိမ်းချမ်းရေးဆွေးနွေးမှုကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခြင်းမရှိအောင် နောက်ကွယ်က ကြိုးကိုင်ဟန့်တားနေသော အတားအဆီး အနှောင့်အယှက်များရှိနေသည်ကိုလည်း မြင်တွေ့နိုင်အောင် သုံးသပ်ဖော်ထုတ်ကြည့်မြင်ပြီး ထိုကဲ့သို့ ကြိုးကိုင်ဟန့်တားခံနေရသော အခြေအနေဆိုးမှ လွတ်မြောက်အောင် ထောက်ပြဆွေးနွေးစည်းရုံးတိုက်တွန်းရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ပြည်သူများကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရကို အားကိုးအားထားပြု တင်ပြတောင်းဆိုကြသကဲ့သို့ တစ်ဖက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ပြည်သူအများစု၏ ငြိမ်းချမ်းရေးလိုလားချက်ဆန္ဒအမှန်များကို ဖော်ထုတ်ပြသပြီး ငြိမ်းချမ်းရေးဆွေးနွေးသည့်စားပွဲဝိုင်းကိုရောက်လာအောင် ဆွဲဆောင်တွန်းအားပေးဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်သော မူဘောင်အတွင်းမှ လိုက်လျောနိုင်သမျှ လိုက်လျောပြီး နှစ်ဖက်မျှမျှတတနှင့်ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အပိုင်းကရော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအပိုင်းကပါ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြမည်ဆိုပါက မိမိတို့မျှော်မှန်းသည့် ငြိမ်းချမ်းရေးကိုအောင်မြင်စွာ တည်ဆောက်ရယူနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၅)ခုကို မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြန်လည်ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

**အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

**သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးမြင့်မောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။**
(သတင်းစဉ်)

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၏ **ပညာရေးဝန်ကြီးဌာနတွင် အဆောက်အအုံများ ဆောက်လုပ်ထိန်းသိမ်းသောဌာန သီးခြားထပ်တိုးဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဌာနမှတာဝန်ယူ၍ကန်ထရိုက်စနစ်ဖြင့်လည်းကောင်း၊ နိုင်ငံတစ်ဝှမ်းလုံးရှိ စာသင်ကျောင်းများသို့ တာဝန်ယူဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းစနစ်ကျင့်သုံးမည်ဆိုပါက ပညာရေးကဏ္ဍအတွက် ပိုမိုအထောက်အကူဖြစ်မည်ဟု ယူဆပါသဖြင့် ယင်းသို့ စနစ်ပြောင်းလဲကျင့်သုံးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ငွေလုံးငွေရင်း အသုံးစရိတ်(တည်ဆောက်/ပြုပြင်ရေး)ရန်ပုံငွေဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်မှုအားလုံးကို နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးသည့် PAE စံနှုန်းဖြင့်ပင် ကန်ထရိုက်စနစ် အပ်နှံဆောင်ရွက်ပါကြောင်း၊ သဘာဝဘေးဒဏ်ခံရသော ကျောင်းဆောင်ဆောက်လုပ်မှုအားလုံးကို သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့်ကျခံပြီး ကန်ထရိုက်စနစ်ဖြင့်ပင် နိုင်ငံတော်ကသတ်မှတ်ခွင့်ပြုပေးသည့် စံနှုန်း(PAE)အရ ပေးချေ၍ ဆောင်ရွက်ပါကြောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဥပဓိရုပ်မကောင်းသော ကျောင်းများအတွက် အချိုးကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ပေးသွင်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုနှင့်အစီအစဉ်တို့ဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပါကြောင်း၊ ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်းမဟုတ်သည့် အသေးစားပြင်ဆင်ထိန်းသိမ်းခြင်း၊ မိဘပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ဆဲကျောင်းများ အပြီးသတ်ဆောက်လုပ်ခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်ဌာနက သင့်လျော်သောရန်ပုံငွေများကို ခွဲဝေပေး၍ ဆောက်လုပ်စေခြင်းတို့ကို သာမန်အသုံးစရိတ်(တည်ဆောက်/ပြုပြင်ရေး)ရန်ပုံငွေဖြင့်ပင် သက်ဆိုင်ရာ ကျောင်းဆောက်လုပ်ရေးကော်မတီများက ဆောင်ရွက်ကြပါကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာန၏ လက်ရှိ ဆောင်ရွက်ကျင့်သုံးသည့်စနစ်မှာ မေးမြန်းချက်နှင့်ကိုက်ညီပြီးဖြစ်ပါသောကြောင့် စနစ်ပြောင်းလဲကျင့်သုံးရန် သီးခြားအစီအစဉ်မလိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

## ခွဲဝေချထားပေး

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၏ **ကရင်ပြည်နယ်အတွင်း ရန်ပုံငွေမလုံလောက်သဖြင့် ပြီးပြတ်အောင် ဆောက်လုပ်နိုင်ခြင်းမရှိသေးသော ကျောင်းများ၊ စာသင်ခန်းနှင့်ကျောင်းသားအချိုးမညီသဖြင့် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေသောကျောင်းများ၊ ဥပဓိရုပ်မကောင်းသောကြောင့် အသစ်ဆောက်လုပ်ရန်တို့အတွက် လိုအပ်နေသော ရန်ပုံငွေများချထားပေးရန်နှင့် ထပ်မံချပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အတွင်းရှိ ဆောက်လုပ်၍မပြီးစီးသေးသည့် အခြေခံပညာကျောင်း(၅)ကျောင်းကိုလည်းကောင်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးမညီသဖြင့် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်နေသော အခြေခံပညာကျောင်း(၄) ကျောင်းကိုလည်းကောင်း၊ ဥပဓိရုပ်မကောင်းသဖြင့် အသစ်ဆောက်လုပ်ရန် လိုအပ်နေသော အခြေခံပညာကျောင်း(၂)ကျောင်းကိုလည်းကောင်း ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက်စိစစ်၍ လိုအပ်ချက်အပေါ်မူတည်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ဦးစားပေးအဆင့်အလိုက် အမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) အသုံးစရိတ်ရန်ပုံငွေနှင့် သာမန်အသုံးစရိတ်(တည်ဆောက်ပြုပြင်ရေး) ရန်ပုံငွေများမှ ခွဲဝေချထားပေးနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **မြန်မာနိုင်ငံ၌ပင် ချီးမြှင့်ပေးနေသော Ph.D Thesis Paper များကို နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးပြုနိုင်အောင် မည်သို့မည်ပုံဆောင်ရွက်ထားမှုနှင့် Research များကိုလည်း နိုင်ငံတော်နှင့်ပြည်သူများအတွက် အသုံးပြုမှု ရှိ/မရှိ သိရှိလိုကြောင်းနှင့် အသုံးမပြုသေးသော Research များကို ပြည်သူအကျိုးရှိနိုင်ရန် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပါရဂူဘွဲ့ရသင်တန်းသား၊ သင်တန်းသူများသည် ဘာသာရပ်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ရရှိလာသော သုတေသနရလဒ်များဖြင့် Ph.D Dissertation များတင်သွင်းရပါကြောင်း၊ Ph.D Dissertation များတွင် ဘာသာရပ်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက် ရရှိလာသော သုတေသနတွေ့ရှိချက်များအပေါ်မူတည်၍ ဘာသာရပ်အကျိုးပြုသုတေသနလုပ်ငန်းများ၊ ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများဟူ၍သတ်မှတ်ပါကြောင်း၊ နိုင်ငံအကျိုးပြု သုတေသနစာတမ်း စုစုပေါင်း(၆၇၁)စောင်ကို ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော တက္ကသိုလ်များ သုတေသနဂျာနယ်များတွင်လည်းကောင်း၊ ဒေသအကျိုးပြု သုတေသနစာတမ်း စုစုပေါင်း(၁၁၇၃) စောင်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်ထုတ်ဝေသော တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် သုတေသနဂျာနယ်များတွင်လည်းကောင်း၊ ဘာသာရပ်အကျိုးပြုသုတေသနစာတမ်း စုစုပေါင်း(၁၄၅၃)စောင်ကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့မှ ထုတ်ဝေသော သုတေသနဂျာနယ်များတွင် လည်းကောင်း ထည့်သွင်းဖော်ပြ၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဖြန့်ဝေလျက်ရှိပါကြောင်း။

ဘာသာရပ်အကျိုးပြု သုတေသနလုပ်ငန်းများ၊ ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ရရှိလာသော သုတေသနရလဒ်များဖြင့် သုတေသနပိုစတာများပြုလုပ်ပြီး ပညာရေးဆိုင်ရာပြပွဲများတွင် အများပြည်သူများသိရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပြသလျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

7-9 (03).pmd 1 9/7/2011, 4:04 AM

# ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်သောမူဘောင်အတွင်းမှ ဆောင်ရွက်သွားမည်

*စာမျက်နှာ ၃ မှ*

လက်တွေ့နယ်ပယ်၌ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး၊ စီမံခန့်ခွဲရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် တိုက်ရိုက်အသုံးချနိုင်ကြောင်း၊ အသုံးချသုတေသနများ ပိုမိုဆောင်ရွက်ခြင်းကို အားပေးလျက်ရှိပါကြောင်း၊ ထိုသုတေသနလုပ်ငန်းများ ဆောင်ရွက်၍ရရှိလာသော သုတေသနရလဒ်များနှင့်သုတေသနတွေ့ရှိချက်များအား သုတေသနစာတမ်းများအဖြစ် ပြုစုပြီး သုတေသနဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်းနှင့် သုတေသနပိုစတာများပြထားခြင်းတို့ဖြင့် သုတေသနရလဒ်များနှင့် သုတေသနတွေ့ရှိချက်များအား အသုံးချနယ်ပယ်တွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်နှင့် အသုံးချနယ်ပယ်သို့လွှဲပြောင်းပေးရေးတို့ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သုတေသနရလဒ်များနှင့် သုတေသနတွေ့ရှိချက်များအားစိတ်ဝင်စား၍ ဆက်သွယ်လာသူများရှိလာပါက သုတေသနလုပ်ငန်းဆိုင်ရာပညာရှင်များအား လွှဲပြောင်းပေးလျက်ရှိပါကြောင်းဖြင့်ဖြေကြားသည်။

### အရှိန်အဟုန်မြှင့်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်သည် အစိုးရအဖွဲ့တစ်ခုလုံး၏ အသုံးစရိတ်၏အချိုးအစားမည်မျှရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် **ရေရှည်တွင် အခြားနိုင်ငံများနည်းတူ ပညာရေးကဏ္ဍအတွက် တိုးတက်သုံးစွဲရန်အစီအမံများ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍(၂)ပိုင်းခွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍတွင်အခြေခံပညာကျောင်းများအားလုံးကိုလည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်(၆၄)ကျောင်းကိုလည်းကောင်း တာဝန်ယူပြီး ကျန်ရှိသည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်(၉၇)ကျောင်းကို သက်ဆိုင်ရာဝန်ကြီးဌာန (၁၂)ခုက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့်အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်သိပ္ပံများ တာဝန်ယူသောဝန်ကြီးဌာန(၁၂)ခုရှိ ပညာရေးအသုံးစရိတ်စုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း (၃၅၂၅၈၄)သန်းရှိသဖြင့် ပညာရေးကဏ္ဍစုစုပေါင်းသည် (၄ ဒသမ ၄၂)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ပညာရေးဆိုင်ရာမူဝါဒ(၁၀)ရပ်ကို ချမှတ်ပေးခဲ့ရာ ဝန်ကြီးဌာနအနေဖြင့် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသင်မနေရမူလတန်းကျောင်းပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အစပျိုး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူလတန်းကျောင်းသား၊ ကျောင်းသူ(၅)သန်းကျော်သို့ ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ထောက်ပံ့ပေးခဲ့ပါကြောင်း၊ မူလကခွင့်ပြုထားသည့် သာမန်အသုံးစရိတ်အပြင် ငွေကျပ်(၂၀၈၇)သန်းကျော် ထပ်ဆောင်းခွင့်ပြုခဲ့ပါကြောင်း၊ ပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေးအစီအစဉ်အရ တက္ကသိုလ်ပညာသင်ဆု၊ အခြေခံပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးများအဖြစ်(၁၀၈၉ ဒသမ ၆)သန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင် ချီးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့်နည်းဥပဒေများထုတ်ပြန်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲခဲ့ပြီး ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်(မူကြမ်း)ကို နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်အရ ဆက်လက်စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်ရုံးသို့တင်ပြ၍ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ပညာရေးဆိုင်ရာမူဝါဒလမ်းညွှန်ချက်(၇)ရပ်ကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း (၈)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏လုပ်ငန်းစီမံချက်အရ ကျေးလက်ဒေသများတွင် ပညာရေးဆိုင်ရာလုပ်ငန်းစဉ်(၁၃)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာ ကဏ္ဍနှစ်ရပ်လုံးတွင် ပညာသင်ယူမှုအခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရအဖွဲ့သစ်၏ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာရေးကဏ္ဍ အသုံးစရိတ်များပေါ်တွင်မူတည်၍၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေပေါ်မူတည်၍ နှစ်စဉ်တိုးမြှင့် သုံးစွဲသွားရန်အစီအမံများရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **ဘားအံမြို့နယ်၊ မြဝတီမြို့နယ်များတွင် အထည်ချုပ်စက်ရုံ၊ ပရိဘောဂစက်ရုံများနှင့် အလားတူ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဖွင့်လှစ်ခြင်းကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကရင်ပြည်နယ် ဘားအံမြို့ အနီးတစ်ဝိုက်တွင် စက်မှုဇုန်တည်ထောင်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဘားအံ-လှိုင်းဘွဲ့ကားလမ်း ဘားအံမြို့မှ (၇)မိုင်အကွာရှိ မြေဧရိယာ(၉၆၉)ဧကေ အကျယ်အဝန်း၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းစက်မှုဇုန်တွင် အထူးသဖြင့် **စက်ကိရိယာနည်းနည်းနှင့်လူ၏လုပ်အားကိုအဓိက အသုံးပြုရသည့် စက်မှုလုပ်ငန်း: (Labour Intensive Industry)** များကို အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ စက်မှုဇုန်အနေဖြင့် လူဦးရေ(၅၀၀၀)မှ (၁၀၀၀၀)ခန့်အထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရရှိစေမည်ဖြစ်ပါကြောင်း၊ အချိန်ကာလ(၆)လမှ (၉)လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘားအံစက်မှုဇုန်တွင် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများကို ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ မြဝတီမြို့နယ်အတွင်း နယ်မြေအေးချမ်းမှုမရှိသေးသဖြင့် လတ်တလောအခြေအနေအရ စက်မှုဇုန် တည်ထောင်ရန်အစီအစဉ်မရှိသေးကြောင်းနှင့် နယ်မြေအေးချမ်းလာသည့်အခါ စက်မှုဇုန်တည်ထောင်နိုင်ရေးအတွက် စဉ်းစားပေးသွားမည်ဖြစ်ပါကြောင်း၊ အခြားပြည်နယ်များဖြစ်ကြသည့် မွန်ပြည်နယ် ဘုရားသုံးဆူဒေသအနီး၊ ရှမ်းပြည်နယ် နမ့်ဖတ်ကာဒေသအနီးနှင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းဒေသအနီးတို့တွင်လည်း မကြာမီကာလအတွင်း စက်မှုဇုန်များတည်ထောင်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

### လေ့လာပြုစု

ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း၏ **ချင်းတွင်းမြစ်ကြောင်းကို ရာသီမရွေးသွားလာနိုင်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆောင်ရွက်ရန် ရွှေစာရေးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းဖြင့် စီမံဆောင်ရွက်မည်ဟုသိရပြီး ရေဝပ်ဧရိယာတွင် ပါဝင်နိုင်သောနေရာများ၌ အဆောက်အအုံသစ် ဆောက်လုပ်ရန်မဝံ့မရဲဖြစ်နေသဖြင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်နှင့် စီမံကိန်းရေဝပ်ဧရိယာများတွင် ပါဝင်သောကျေးရွာများကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် တတိယမြောက်စီမံကိန်းတစ်ခုဖြစ်သော ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း (၆၆၀) မဂ္ဂါဝပ်ဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရပိုင် NHPC Ltd. တို့အကြား ၁၆-၉-၂၀၀၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ရွှေစာရေးစီမံကိန်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု JV/B.O.T. စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ NHPC Ltd. အနေဖြင့် စီမံကိန်းစူးစမ်းလေ့လာမှုဆိုင်ရာ ကြားဖြတ်အစီရင်ခံစာကို ၂၇-၅-၂၀၁၁ ရက်တွင် တင်ပြခဲ့ပြီးဖြစ်ပါကြောင်းနှင့် စီမံကိန်းဆိုင်ရာအသေးစိတ်အစီရင်ခံစာကို ၂၀၁၂ ခုနှစ် မတ်လတွင် တင်ပြနိုင်ရေး စူးစမ်းလေ့လာမှုများဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်ပြလာမည့်အသေးစိတ်အစီရင်ခံစာအပေါ် အသေးစိတ်လေ့လာသုံးသပ်သွားမည် ဖြစ်ပါကြောင်း၊ လေ့လာသုံးသပ်ရာတွင်လည်း စီမံကိန်းအမှန်တကယ်ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အပါအဝင် စီမံကိန်းတည်ဆောက်မှုကြောင့် မြစ်ကြောင်းဆိုင်ရာနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအခြေအနေများကိုပါ အသေးစိတ်လေ့လာသုံးသပ်သွားမည် ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်အစီရင်ခံစာကိုလည်း ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Ltd. က ၂၀၀၇ ခုနှစ်တွင် စူးစမ်းလေ့လာပြုစုခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် Biodiversity ကိစ္စရပ်ဆိုင်ရာ စူးစမ်းလေ့လာမှုများကိုလည်း မြန်မာနိုင်ငံမှ Biodiversity Nature Conservation Association (BANCA) က ၂၈-၈-၂၀၀၆ ရက်မှ ၅-၁၀-၂၀၀၆ရက်အထိ စူးစမ်းလေ့လာပြုစုခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်သည် စီမံကိန်းဆိုင်ရာစူးစမ်းလေ့လာမှုများ ဆောင်ရွက်ဆဲကာလ ဖြစ်သည့်အတွက် တည်ဆောက်မည့်တမံ၏အောက်ပိုင်း Environmental Impact နှင့်ပတ်သက်ပြီး အသေးစိတ်သိရှိရခြင်းမရှိသေးပါကြောင်းနှင့် ရေဝပ်ဧရိယာတွင် ပါဝင်မည့် ကျေးရွာများကိုလည်း မသတ်မှတ်နိုင်သေးပါကြောင်း၊ NHPC Ltd. မှ တင်ပြလာမည့် စီမံကိန်းဆိုင်ရာအသေးစိတ်အစီရင်ခံစာအရ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိကြောင်း စိစစ်တွေ့ရှိရပါက ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်နှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်များကိုပါ ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများပူးပေါင်းစုစည်း၍ လေ့လာဆန်းစစ်ဆောင်ရွက်ပြီးနောက် နှစ်ဦးနှစ်ဖက်စီးပွားရေးဆိုင်ရာ တွက်ခြေကိုက်မှု စိစစ်တွက်ချက်ပြီး အသေးစိတ်ဆွေးနွေးလျက် လက်ခံနိုင်သောအခြေအနေရှိလျှင် သဘောတူညီမှုစာချွန်လွှာနှင့် ဖက်စပ်သဘောတူစာချုပ်များချုပ်ဆိုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ခွင့်ရရှိပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစနစ် အခြေခံဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်သည့်အတွက် NHPC Ltd. အနေဖြင့် အိန္ဒိယအစိုးရ၏ ခွင့်ပြုထောက်ပံ့ရန်ပုံငွေအပေါ်မူတည်ပြီး စီမံကိန်းကာလသတ်မှတ်၍ စီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင်လည်း ချင်းတွင်းမြစ်အထက်ပိုင်းတွင် တည်ဆောက်မည့် ထမံသီရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှသာ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ်(ခ) ဦးအောင်ဇော်ဝင်း မေးမြန်းစဉ်။** (သတင်းစဉ်)

**ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျန်ထွန်း မေးမြန်းစဉ်။** (သတင်းစဉ်)

### ကွင်းဆင်းစစ်ဆေး

မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း၏ **ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွားဒေသခံအစ္စလာမ်ဘာသာဝင်များအတွက် ရပ်ကွက်၊ ကျေးရွာများရှိ ဗလီဝတ်ပြုကျောင်းအများစုမှာ ဟောင်းနွမ်း၊ ပျက်စီးနေပါသော်လည်း ဒေသဆိုင်ရာအာဏာပိုင်များက ပြင်ဆင်ခွင့်နှင့်အသစ်ဆောက်လုပ်ခွင့်မပြုသည့်အတွက် အခက်အခဲနှင့်ကြုံတွေ့နေရသဖြင့် နိုင်ငံတော်ကမည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အစ္စလာမ်ဗလီ၊ ခရစ်ယာန်သာသနာပြုကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းအဆောက်အအုံများ ဟောင်းနွမ်းပျက်စီးသဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ရန် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ထောက်ခံချက်၊ ပြင်ဆင်မှုပုံစံ၊ ပျက်စီးယိုယွင်းနေသောဓာတ်ပုံမှတ်တမ်းများနှင့်တင်ပြလာသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူး ပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သာသနာရေးဦးစီးဌာနက သာသနာရေးဝန်ကြီးဌာနသို့ တင်ပြပါကြောင်းနှင့်ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး သာသနာရေးရှုထောင့်မှ သဘောထားမှတ်ချက်ပြန်ကြားပါကြောင်း။

ယင်းသဘောထားမှတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ဆောက်လုပ်ခွင့်ပြုပါကြောင်း၊ အလားတူ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ စေတီ၊ ပုထိုး၊ ဆင်းတုတော်၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ စသည့် သာသနိကအဆောက်အအုံများ ဟောင်းနွမ်းပျက်စီးသဖြင့် ပြင်ဆင်မွမ်းမံလိုသည့်အခါ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်တို့၏ ထောက်ခံချက်များနှင့်တင်ပြရပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သာသနာရေးဦးစီးဌာနက သာသနာရေးဝန်ကြီးဌာနသို့တင်ပြသည့်အခါ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားပေးပါကြောင်းနှင့် ယင်းသဘောထားမှတ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ခွင့်ပြုပါကြောင်း။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ပြင်ဆင်ခွင့်ပြုခဲ့သော အရေအတွက်အနေဖြင့် အစ္စလာမ်ဗလီ(၆၆)ခု၊ ခရစ်ယာန်သာသနာပြုကျောင်း (၅၆)ကျောင်းနှင့် ဟိန္ဒူဘုရားကျောင်း(၁၈)ကျောင်းရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ယခုအချိန်ထိ ပြင်ဆင်ခွင့်ပြုခဲ့သော အရေအတွက်အနေဖြင့် ဗလီ(၁၄)ခု၊ ခရစ်ယာန်သာသနာပြုကျောင်း (၁၃)ကျောင်းနှင့် ဟိန္ဒူဘုရားကျောင်း(၆)ကျောင်းရှိပါကြောင်း၊ ရခိုင်ပြည်နယ်မောင်တောမြို့နယ်မှ ဗလီပြင်ဆင်မွမ်းမံခွင့်ပြုရန်ကိစ္စများကို သာသနာရေးဝန်ကြီးဌာနသို့ တင်ပြလာခြင်းမရှိသေးပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာသောအခါ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဩဂုတ် (၃၁)ရက်က တင်သွင်းခဲ့သည့် **‘ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း’** နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရန် ပြင်ဆင်ချက် တင်သွင်းထားမှုအလိုက် ဆွေးနွေးပြီး အဆုံးအဖြတ်ရယူဆောင်ရွက်သည်။

ဥပဒေကြမ်းပါ အပိုဒ် ၁ နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် အတည်ပြုရန် အဆိုတင်သွင်းရာ ‘အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်’ အဆိုကို သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ်၂၊ အပိုဒ်ခွဲ(က)ပါ ပုဒ်မ ၄၉(က)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်ပြီး ပြင်ဆင်ရန်မသင့်ကြောင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သုံးသပ်တင်ပြထားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးညွန့်တင်က သဘောတူကြောင်းဖြင့် တင်ပြသည်။

‘အပိုဒ် ၂၊ အပိုဒ်ခွဲ(က)ပါ မူလဥပဒေပုဒ်မ ၄၉(က)ကို လက်ရှိပြဋ္ဌာန်းချက်အတိုင်းသာထားရှိရန်’ အဆိုကိုသဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် အပိုဒ်၂၊ အပိုဒ်ခွဲ(ခ)အတွက် ပြင်ဆင်ဆွေးနွေးရန်တင်ပြချက်မရှိဘဲ ‘အပိုဒ်၂၊ အပိုဒ်ခွဲ(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်’ အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

‘အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်’ အဆိုနှင့် စပ်လျဉ်း၍ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက ပြင်ဆင်ချက်အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသည်။

### အဆုံးအဖြတ်ခံယူ

‘အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)ကိုပယ်ဖျက်ရန်’ အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ယင်းအဆိုကိုပြန်လည်ရုပ်သိမ်းပေးပါရန်တင်ပြရာ ဦးစိုးဝင်းက လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူလိုကြောင်း တင်ပြသည်။

ဦးစိုးဝင်းတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့်ဦးရေက များသည့်အတွက် အဆိုအတည်မဖြစ်ကြောင်းဆုံးဖြတ်သည်။

သို့ဖြစ်၍ အတည်ပြုနိုင်ရန်အဆိုထပ်မံတင်သွင်းရာ ‘အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်’အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းနှင့် ‘အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(ခ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်’အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈ (ဂ)စာသား၏အစတွင်‘အထက်အပိုဒ်ခွဲ(က)နှင့်(ခ)မှအပ’ဟူသော စကားရပ်ကိုဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က သဘောတူကြောင်းတင်ပြသည်။

သို့ဖြစ်၍ ‘အပိုဒ်၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈ (ဂ)စာသား၏အစတွင် **အထက်အပိုဒ်ခွဲ(က)နှင့်(ခ)မှအပ** ဟူသောစကားရပ်ထည့်သွင်းရန်’အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အဆိုအတည်ဖြစ်ကြောင်း၊ ‘နိဒါန်းစာသားနှင့်အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်’ အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ‘ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း’ကို အတည်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်၌ တင်သွင်းအတည်ပြုပြီးသည့် **‘အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း’** နှင့် **‘တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း’** တို့ကို စက်တင်ဘာ ၃ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိထားပြီးဖြစ်ရာ ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ယခုအပတ်အတွင်း ဆွေးနွေးရန်လျာထားပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းများကိုစိစစ်၍ ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးတင်သွင်းရန်နှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့် ဥပဒေကြမ်း၏ ‘အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်’ကိုတိကျစွာဖော်ပြ၍ စက်တင်ဘာ ၇ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း သိရှိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ စက်တင်ဘာ ၁ ရက်က တင်သွင်းခဲ့သော လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း)မြို့နယ်များအတွင်းနေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးကြသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ဆွေးနွေးရာတွင် နာဂတိုင်းရင်းသားများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးသက်ရောက်မှုရှိစေသည့်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်က ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် ဒေသခံအစိုးရတို့က စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများ ဖွံ့စည်းတည်ထောင်ပေးရန်လိုအပ်ပြီး ဒေသခံပြည်သူများကလည်း တစ်ဦးချင်းတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း အစိုးရ၏အခွင့်အလမ်းဖန်တီးဆောင်ရွက်ပေးမှုများကို အင်အားအဖြစ်ရယူကာ စုစည်းညီညာစွာဖြင့် ထိထိရောက်ရောက်ကြိုးစားလုပ်ကိုင်ခြင်း၊ ဒေသအခြေအနေနှင့်ကိုက်ညီသော အတတ်ပညာ၊ အသိပညာများဆည်းပူးလေ့လာအသုံးချခြင်းဖြင့် မိမိတို့ဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီးက ဆွေးနွေးရာတွင် လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များအတွင်းရှိ ပြည်မနှင့်ဆက်သွယ်ထားသော လမ်းမကြီးများကို သုံးရာသီကားသွားလာနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်များအချိန်ပြည့်ခန့်ထားပေးနိုင်ရေး၊ လူတစ်ဦးချင်းဝင်ငွေ *စာမျက်နှာ ၅ ကော်လံ ၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား UNHCR ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ ဌာနေကိုယ်စားလှယ် မစ္စတာဘာရေးရာဂျာပန်ဒေးသည် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

*စာမျက်နှာ ၄ မှ*

တိုးတက်မြင့်မားလာပြီး စားဝတ်နေရေးဘဝ မြင့်လာစေရန် ရွှေ့ပြောင်းတောင်ယာစနစ်မှ အခြေချတောင်ယာလှေကားထစ် လယ်ယာဖော်ထုတ်နိုင်ရေးစရိတ်၊ တစ်နိုင်မွေးမြူရေးအတွက် ပံ့ပိုးပေးခြင်းများကို နိုင်ငံတော်က အရှိန်အဟုန်မြင့် လုပ်ဆောင်ပေးသွားနိုင်ရေးအတွက် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းက ဆွေးနွေးရာတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက အဆိုရှင်တင်သွင်းထားသည့် အဆိုသည် မိမိကိုယ်စားပြုရာ ဒေသနှင့်လူထု၏လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသဖြင့် ယေဘုယျအားဖြင့် ကြိုဆိုရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းအဆို၌ပါဝင်သော လုပ်ငန်းစဉ်များသည် မူလကပင် နိုင်ငံတော်က နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၁၉၉၃) နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၀၆)တို့ကို ပြဋ္ဌာန်းထားပြီး ယင်းဥပဒေများနှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၉၉၀ ပြည့်နှစ်မှစ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်ပါကြောင်း၊ နာဂဒေသကိုလည်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက တရားဝင်သတ်မှတ်ထားရှိပြီး နှစ်စဉ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကိုခွင့်ပြုလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ လေရှီး-ထမံသီ၊ လဟယ်-ဆင်သေလမ်း၊ နန်းယွန်း-ရှင်ဗွေယန်လမ်း၊ လေရှီး-ပန်ဆပ်၊ ဆွမ္မရာလမ်း၊ လဟယ်-လောင်ငေါက်-ထန်ပါခွေလမ်းနှင့် နန်းယွန်း-ပန်ဆောင်လမ်းများ စုစုပေါင်း အလျား မိုင်(၂၆၀)(၃)ဖာလုံရှိရာ ပြည်ထောင်စုလမ်းမကြီးအဆင့်ဖြစ်သည်ကို သတိပြုသင့်ပါကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်ရန်အတွက် ဆိုပါလျှင် လမ်းခရီးစုစုပေါင်းမိုင်(၆၀၀)ခန့်ကို ဖောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ နာဂဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်မှာလမ်းပန်းဆက်သွယ်ရေးပင် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို စွမ်းအားပြည့် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေဖြစ်သည်ကို သုံးသပ်ရပါကြောင်း၊ နယ်စပ်ဒေသတစ်ခုလုံးကို ပြိုင်တူဖွံ့ဖြိုးတိုးတက်လွှမ်းခြုံဆောင်ရွက်ရာတွင် အဓိကကြုံတွေ့ရသော ကန့်သတ်ချက်တစ်ရပ်မှာ ဘဏ္ဍာငွေကန့်သတ်ချက်သာဖြစ်ပါကြောင်း၊ ယင်းကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်၏အမျိုးသားကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့်တိုးမြှင့်ကာ ဘဏ္ဍာငွေများကို ပိုမိုစုစည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နယ်စပ်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်နှစ်ထက်တစ်နှစ်အရှိန်အဟုန်ဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နာဂဒေသကို ဥပဒေအရ အထူးဒေသဖွံ့ဖြိုးရေးဒေသအဖြစ် သတ်မှတ်ထားခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ရှိခြင်း၊ ယင်းလုပ်ငန်းစဉ်နှစ်ရပ်စလုံး၏ ဗဟိုကော်မတီဥက္ကဋ္ဌ တာဝန်ကို နိုင်ငံတော်သမ္မတကိုယ်တိုင်ဆောင်ရွက်နေပြီဖြစ်ခြင်းတို့ကြောင့် ဤအဆိုကို သီးခြားထပ်မံတင်သွင်းရန်မလိုအပ်တော့ကြောင်းနှင့် မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးဆားမူ၏ အဆိုသည် သီးခြားအဆိုအဖြစ် တင်သွင်းရန်မလိုအပ်တော့သည့် အဆိုဖြစ်ကြောင်းနှင့် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

စက်တင်ဘာ(၂)ရက်က တင်သွင်းခဲ့သော ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏ **တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးလျက်ရှိသော သင်ကြား၊ ကျက်မှတ်၊ ဖြေဆိုသည့် ရှေးရိုးစဉ်လာ ပညာရေးစနစ်အစား ဆရာတပည့်ရင်းနှီးပွင့်လင်းသော ဆက်ဆံရေးမျိုးရှိသည့် သင်ကြား၊ ဆွေးနွေး၊ သုတေသနပြုတီထွင်သည့် ခေတ်မီပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ကာ ပြည်သူလူထု၏ အသိဉာဏ်ပညာတိုးတက်အောင်၊ နိုင်ငံတော်ကြီးကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သင့်ကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးကြသည်။

## လေ့လာဆန်းစစ်

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်မိုးက ဆွေးနွေးရာတွင် အပြုသဘောဆောင်ပြီး ထိရောက်မှုရှိသောအဆိုကောင်းတစ်ခုဖြစ်ပါကြောင်း၊ လက်ရှိလည်းဆောင်ရွက်နေသည့် အစီအမံများဖြစ်ပါကြောင်းနှင့် နယ်ပယ်ကျယ်ဝန်းသည့်အတွက် စနစ်တကျနှင့်အသေးစိတ်လေ့လာဆန်းစစ်၍ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းဦးဆောင်ပြီး ဒေါက်တာမြဦးအတွင်းရေးမှူးအဖြစ်ပါဝင်သော ပညာရေးမြှင့်တင်မှုကော်မတီကိုဖွဲ့စည်းခဲ့ပြီးဖြစ်သည့်အတွက် နောင်လာမည့်အနာဂတ်ကာလတွင် နိုင်ငံတော်၏ ပညာရေးအခန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုး တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံ တက္ကသိုလ်များ၌ လေ့ကျင့်ပေးနေသော စွမ်းရည်များသည် ယနေ့နိုင်ငံတကာ တက္ကသိုလ်အသီးသီး၏ "တွေးခေါ်မြော်မြင်မှုနှင့် တီထွင်နိုင်မှု မြင့်မားသော ပညာရှင်များပျိုးထောင်မှု"နှင့် တစ်ထပ်တည်းကျနေပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများတွင် လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်သည် ရှေးရိုးစဉ်လာ အလွယ်ကျက်မှတ်ကာ စာမေးပွဲဖြေဆို၍ အတန်းအောင်သော သင်ကြားရေးစနစ်မဟုတ်ဘဲ ခေတ်မီသော ပညာရေးစနစ် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၏ လက်ရှိသင်ကြားရေးစနစ်မှာ အလွယ်တကူကျက်မှတ်မှုကိုသာ အားကိုးသော ရှေးရိုးစဉ်လာ ပညာရေးစနစ် မဟုတ်သည်ကို လေ့လာသိရှိရပါကြောင်း၊ ယနေ့ကမ္ဘာ့ အဆင့်မီ သင်ရိုးတန်းအတိုင်း နိုင်ငံတကာသင်နည်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော (On Going Process) အဆင့်မြင့်ပညာရေးစနစ် ဖြစ်ပါကြောင်းနှင့် နောင်တွင်လည်း ပြောင်းလဲတိုးတက်နေသော၊ ထို့ထက်ခေတ်မီသော ပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက ဆွေးနွေးရာတွင် အစိုးရတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိသကဲ့သို့ ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ခွင့်ပြုမည်ဆိုပါက အကောင်အထည်ဖော်ရာတွင် ပိုမိုလွယ်ကူပြီး တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်ရော၊ ဉာဏ်ရည်ထက်မြက်သော လူငယ်များအတွက်ပါ ပညာရေး၊ စီးပွားရေး အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က ဆွေးနွေးရာတွင် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲပေးခြင်းအားဖြင့် မြန်မာတိုင်းရင်းသားပညာရှင်များ၏ ပညာရေးကဏ္ဍ အထောက်အကူပေးမှုများ ပေါ်ပေါက်ရရှိလာမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်အချိန်တိုအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်အင်အားစုများရရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်က ဆွေးနွေးရာတွင် ဆိုင်ရာဘာသာရပ်၊ ပညာရပ်အတွက် အမှန်တကယ်မရှိမဖြစ်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်ပါကြောင်းနှင့် ဤအဆိုကိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

## လက်တွေ့ကျင့်သုံး

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်က ဆွေးနွေးရာတွင် နိုင်ငံခြားငွေ အမြောက်အမြားကုန်ကျခံ၍ နိုင်ငံတကာကျောင်းများသို့ စေလွှတ်နေမှုများလျှော့ကျလာစေနိုင်မည့် ကမ္ဘာ့နိုင်ငံများနှင့် အဆင့်တူပညာရေးကို လက်တွေ့ကျင့်သုံးဖော်ဆောင်နိုင်ရန်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဆရာဗဟိုပြုသင်ကြားနည်းမှ ဆရာသင်ကြားသည့် အချက်အလက်အကြောင်းအရာ မှတ်စုသက်သက်ကိုသာ ကျက်မှတ်ခြင်းမပြုတော့ဘဲ ဆရာ၊ ဆရာမ၏ သင်ကြားပို့ချမှုကိုအခြေခံ၍ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသော သင်ကြားရေးစနစ်ဖြစ်သည့် conceptual teaching စနစ်ဖြင့် ပြုပြင်ပြောင်းလဲသင်ကြားခြင်းကို အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာတက္ကသိုလ်များတွင် စနစ်တကျဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ဃ)တွင် "ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက်အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၃ တွင် "နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့်ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟုလည်းကောင်း ဖော်ပြထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များသည် ယနေ့ကမ္ဘာ့ပညာရေးလမ်းကြောင်းက ချီတက်နေသော "တွေးခေါ်မြော်မြင်မှုရင့်သန်စေသော ပညာရေး" လမ်းကြောင်းနှင့်တစ်ထပ်တည်းကျနေပါကြောင်း။

၂၀၁၁ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ၌ ညှိနှိုင်းဆွေးနွေး၍ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများအား conceptual teaching/learning ဖြင့် သင်ကြားသင်ယူရန်အတွက် Board of Studies များက စိစစ်မွမ်းမံရန်၊ ဗဟိုအဆင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်၊ တက္ကသိုလ်များနှင့်ဒီဂရီကောလိပ်အသီးသီးတွင် ဆင့်ပွားမွမ်းမံသင်တန်းများဖွင့်လှစ်ရန်၊ ကျောင်းသားကျောင်းသူများအား Assignment များ ရေးသားတင်သွင်းစေရန်၊ စာမေးပွဲ၊ Tutorial/ Practical များတွင် Text ပါ အချက်အလက်များနှင့် ဆက်စပ်သော ဉာဏ်စမ်းမေးခွန်းများပါဝင်စေရန်၊ ကျောင်းသား ကျောင်းသူများအား Presentation/ Seminar ဖတ်ကြားမှုများကို Module တိုင်းအတွက် ဆောင်ရွက်စေရန်စသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါကြောင်း၊ ညှိနှိုင်းရရှိသည့်ရှေ့လုပ်ငန်းစဉ်များကို တက္ကသိုလ်များတွင် တစ်ပြေးညီစနစ် ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင်လည်းကောင်း၊ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲများကို တက္ကသိုလ်အသီးသီးတွင်လည်းကောင်း၊ ဘာသာရပ်ဌာနအသီးသီးတွင် လည်းကောင်း ကျင်းပ၍ ဘာသာရပ်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

## ရှင်းလင်းဆွေးနွေး

ကျောင်းသားဗဟိုပြုသင်ကြားနည်းသည် ဆရာကရှင်းပြခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးချက်အပေါ် ဆရာကတည့်မတ်ပေးခြင်း၊ ဖြေရှင်းပေးခြင်းနှင့်တွေးတတ်၊ မြင်တတ်အောင် လမ်းညွှန်ပေးခြင်းတို့ဖြင့် ကျောင်းသားကျောင်းသူများ ပညာရပ်အပေါ်ပါဝင်ဆွေးနွေးလာပြီး တက်ကြွစွာသင်ကြား သင်ယူသောပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေရန်၊ ဆရာကသင်ကြားသည့် အကြောင်းအရာပေါင်းစုံမှ အချက်အလက်စုဆောင်းနည်း၊ သုံးသပ်နည်း၊ ကောက်ချက်ချနည်းတို့ကို လမ်းညွှန်သင်ကြားပေးနိုင်သော နည်းလမ်းဖြစ်စေရန်၊ ကျောင်းသား ကျောင်းသူများ၏ သုံးသပ်တတ်မှု၊ ကောက်ချက်ချနိုင်မှု၊ ဆက်စပ် အသုံးချတတ်မှုနှင့် တီထွင်ကြံဆမှုတို့ တိုးတက်လာစေရန် ဖြစ်သဖြင့် တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသည့် သင်ကြား၊ သင်ယူမှုနည်းစနစ်အတွက် အသင့်တော်ဆုံးသင်ကြားနည်းဖြစ်စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၏အဆိုသည် သီးခြားတင်သွင်းရန် မလိုတော့သော အဆိုဖြစ်ပြီး လက်တွေ့ဆောင်ရွက်မှုတွင် အမှန်တကယ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် လွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **နိုင်ငံတကာအဆင့်မီအလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲပြုစုပြီး လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်** အဆိုနှင့် **သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန်** အဆို၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက **ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသား/ကျောင်းသူများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့်သူနာပြု အစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော (၁၀)တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် အထူးဦးစားပေးတက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေး** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို စက်တင်ဘာ ၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ညနေ ၄ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို စက်တင်ဘာ ၇ ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ရောင်စဉ်ထွန်းပ မြန်မာ့အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

***နေပြည်တော် စက်တင်ဘာ ၆***

*ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအလှအပများကို ဖော်ထုတ်မြှင့်တင်ရန်အတွက် ရောင်စဉ်ထွန်းပ မြန်မာ့အလှ ဓာတ်ပုံပြပွဲပြိုင်ပွဲကို (၂၈) ကြိမ်မြောက် မဟာမဲခေါင်ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများနှင့်အတူ ၂၀၁၁ခုနှစ် နိုဝင်ဘာ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။*

*အဆိုပါပြိုင်ပွဲကို အောက်ပါခေါင်းစဉ်များအတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ကဏ္ဍအလိုက် နှစ်ဆင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မည်သည့်ကဏ္ဍတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ကို ရှင်းလင်းစွာ ဖော်ပြပေးရမည်-*

***ပြိုင်ပွဲကျင်းပမည့်အစီအစဉ်***

*(က) ရိုးရာပွဲတော် တို့နွဲ့ပျော်ကဏ္ဍ (မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များ)*

*(ခ) သဘာဝအလှရှုမဝကဏ္ဍ (ဟိုတယ်ဇုန် ၁၁ ဇုန်အလိုက် သဘာဝအလှအပ ဓာတ်ပုံများ)*

*(ဂ) ထူးခြားဆန်းသစ် ဖွင့်လှစ်ဖော်ထုတ်ကဏ္ဍ*

*(၁) ရှားပါးတိမ်မြုပ်နေသော မြန်မာ့ပွဲတော်နှင့် တိုင်းရင်းသားရိုးရာဓလေ့*

*(၂) ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ထုတ်ရန် ဆွဲဆောင်နိုင်ခြေအရှိဆုံး လူသိနည်းသေးသော ခရီးစဉ်ဒေသတစ်ခု*

*(၃) ဖော်ရွေပျူငှာ ပြည်မြန်မာ*

*(၄) ထူးခြားစုံလင် မြန်မာပြည်တစ်ခွင်*

***ဆုချီးမြှင့်မည့်အစီအစဉ်***

*(က) ရိုးရာပွဲတော်တို့နွဲ့ပျော်ကဏ္ဍတွင် ပထမအဆင့် အနိုင်ရသူ လ (၁၂) လအတွက် လအလိုက်တစ်ပုံစီအား ငွေကျပ် သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ရွေးချယ်ပြီးသော ၁၂ ပုံမှ အကောင်းဆုံးဆုရ တစ်ပုံကို ငွေကျပ် ၂၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။*

*(ခ) သဘာဝအလှရှုမဝကဏ္ဍတွင်လည်း ပထမအဆင့်အနိုင်ရသူဇုန် ၁၁ ဇုန်အတွက် ဇုန်အလိုက်အကောင်းဆုံးတစ်ပုံစီအား ငွေကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ရွေးချယ်ပြီးသော ၁၁ ပုံမှ အကောင်းဆုံးဆုရတစ်ပုံအား ငွေကျပ် ၂၅ သိန်းချီးမြှင့်မည်ဖြစ်သည်။*

*(ဂ) ထူးခြားဆန်းသစ်ဖွင့်လှစ်ဖော်ထုတ်ကဏ္ဍတွင်လည်း ပထမအဆင့်အနိုင်ရသူ ကဏ္ဍလေးခုအတွက် ကဏ္ဍအလိုက်တစ်ပုံစီအား ငွေကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် ရွေးချယ်ပြီးသော ကဏ္ဍအလိုက်လေးပုံမှ အကောင်းဆုံးတစ်ပုံအား ငွေကျပ် ၂၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။*

*(ကျန်အရွေးချယ်မခံရသောပုံများမှ အရည်အသွေးကောင်းမွန်သော ပုံ ၅၀ ကို နှစ်သိမ့်ဆုချီးမြှင့်သွားမည် ဖြစ်သည်။)*

*ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ရုံးအမှတ်(၃၃)နေပြည်တော်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ ရန်ကုန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲ မန္တလေးမြို့၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲ ပုဂံမြို့သို့ ဤကြော်ငြာပါသည့်နေ့မှစတင်၍ ပေးပို့နိုင်ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီ နောက်ဆုံးထားပေးပို့သွားရန်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဒေါ်ခင်သန်းဝင်း ညွှန်ကြားရေးမှူး ခရီးသွားမြှင့်တင်ရေးဌာန၊ ဖုန်း-၀၆၇-၄၀၆၁၃၀၊ E.mail dg.dht @ mptmail.net.mm /www.tourism-myanmar.or g သို့ ဖြစ်စေ၊ ဦးအုန်းမြင့် ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲတာဝန်ခံနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဖုန်း-၀၁-၂၄၀၀၂၇၊ ၀၁-၂၅၄၁၅၃ တို့သို့ဖြစ်စေ www. myanmar tourism. or g သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ကြသည်။* ***(သတင်းစဉ်)***

# မြန်မာနိုင်ငံအတွင်းရှိ လမ်းနှင့် တံတားများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်

# ဘီအိုတီစနစ်ဖြင့် လုပ်ငန်းများကို ခွဲဝေ ဆောင်ရွက်လျက်ရှိ

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

ရှေးဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးထွန်းလွင်၏ **"ဗန်းမော်-ငါးအိုး-သပိတ်ကျင်း-မန္တလေး ကားလမ်းမကြီးတွင် နေရာအတော်များများ၌ ပျက်စီးနေသည့်အတွက် ခရီးသွားပြည်သူများသွားလာရာ၌ အခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ပြုပြင်ထိန်းသိမ်းပေးခြင်းလုပ်ငန်းများ မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို ဒေသခံပြည်သူများက သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းရှိ လမ်းနှင့်တံတားများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကုမ္ပဏီများပူးပေါင်း၍ ဘီအိုတီစနစ်ဖြင့် လုပ်ငန်းများကို ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေး-တကောင်း-ငါးအိုး-ရွှေကူ-ဗန်းမော်လမ်းမှာ အရှည်(၂၂၇)မိုင် (၁)ဖာလုံရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့များက မိုင် (၆၀) (၃)ဖာလုံနှင့် တိုင်းရင်းသားကုမ္ပဏီ (၄)ခုက (၂၁၃)မိုင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့များဖြစ်သည့် ပြင်ဦးလွင်ခရိုင်အဖွဲ့က မိုင် ၀/၀ မှ မိုင် ၁၉/၀ အထိ အရှည်(၁၉)မိုင်နှင့် မိုင် ၃၅/၀ မှ မိုင် ၄၄/၃ အထိ အရှည်(၉) မိုင် (၃)ဖာလုံ၊ စုစုပေါင်း(၂၈)မိုင်(၃)ဖာလုံ၊ အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၆)က မိုင် ၁၉/၀ မှ ၃၅/၀ အထိ (၁၆)မိုင်နှင့် ၄၄/၃ မှ ၆၀/၃ အထိ အရှည် (၁၆)မိုင်၊ စုစုပေါင်းအရှည် (၃၂)မိုင်အထိ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားကုမ္ပဏီ(၄)ခုအနက် သန္တိသစ္စာကုမ္ပဏီလီမိတက်က (၄၂)မိုင်၊ ဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က (၄၇)မိုင်(၄)ဖာလုံ၊ ဂရိတ်ဝေါလ်စားသောက်ကုန် ကုမ္ပဏီလီမိတက်က (၅၉)မိုင်(၆)ဖာလုံနှင့် ရွှေမိုးသွန်းအောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က (၆၃)မိုင် (၆)ဖာလုံတို့ကို ဘီအိုတီစနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

## ပြန်လည်ဖွင့်လှစ်ပေးနိုင်

မန္တလေး-တကောင်း-ငါးအိုး-ရွှေကူ-ဗန်းမော်လမ်းမှာ စနစ်တကျဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး အမာခံလမ်းအဆင့်အထိ ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းဖြစ်ပါကြောင်း၊ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ပြီး အချိန်သက်သာစွာဖြင့် အသုံးပြုနိုင်သည့် လမ်းအဆင့်ဖြစ်ပါကြောင်း၊ တာဝန်ယူဆောင်ရွက်သည့်ကုမ္ပဏီများက ကတ္တရာလမ်းအဆင့်ရောက်ရှိရန် လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက်တွင် ပြင်းထန်စွာရွာသွန်းသည့် မိုးဒဏ်ကြောင့် တောင်ကျရေများကျဆင်းပြီး လမ်း-တံတားများ ပျက်စီးကာ အချို့သော အပိုင်းများတွင် ဆက်သွယ်သွားလာမှု ပြတ်တောက်သည်အထိဖြစ်ခဲ့ရာ အမြန်ဆုံးပြုပြင် ဆောင်ရွက်နိုင်သည့်အတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအပိုင်းတွင် သပိတ်ကျင်း (၇)မိုင်လမ်းဆုံမှ တကောင်း-ရေရှင်ကြီး အပိုင်းအထိ မိုင် (၆၀) (၃)ဖာလုံရှည်လျားပါကြောင်း၊ မိုင် ၀/၀-၁၉/၀ နှင့် မိုင် ၃၅/၀-၄၄/၃ အထိ စုစုပေါင်း (၂၈)မိုင် (၃)ဖာလုံကို ပြင်ဦးလွင်ခရိုင်အဖွဲ့နှင့် အဆောက်အအုံ အထူးအဖွဲ့(၆)က လည်းကောင်း၊ တံတားများကို တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၄)ကလည်းကောင်း၊ ကျောက်လမ်းပြုပြင်ခြင်း(၈)မိုင်၊ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း(၇)မိုင်(၅)ဖာလုံ၊ တံတားအသစ် (၆)စင်း တည်ဆောက်ခြင်းနှင့်တံတား(၂၄)စင်း ပြုပြင်တည်ဆောက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကချင်ပြည်နယ်အတွင်း လမ်းပေါ်ရှိဆိုးရွားစွာပျက်စီးနေသော အရှည်(၂၀) ပေမှ အရှည် (၁၁၀)ပေအတွင်း တံတား (၆)စင်းအား သံကူကွန်ကရစ်တံတားများအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနှင့် ချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ကတ္တရာလမ်းပြုပြင်ခြင်း မိုင် (၂၀) (၃)ဖာလုံ၊ ကျောက်လမ်းပြုပြင်ခြင်း(၁၇)မိုင်၊ ကျောက်ချောလမ်းအသစ်ခင်းခြင်း ၃ဒသမ၅ ဖာလုံ၊ ဘေလီတံတားနှင့် သစ်သားတံတား (၂)စင်းစီပြုပြင်ခြင်း၊ သံကူကွန်ကရစ်ရေပြွန်အသစ်(၇)စင်း တည်ဆောက်ခြင်း၊ ရေစားချောက်(၃)ခုကို စုစုပေါင်း(၂၇၅)ပေ အရှည် (၄၅)ပေ အနက်ပြင်ဆင်ခြင်း၊ ဘေလီသစ်သားတံတား (၄)စင်းပြုပြင်ခြင်းနှင့် ငါးဘတ်ကြီးတံတားနှင့်စက္ကလာတံတား ပျက်စီးမှုများ ပြန်လည်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

## ပြန်လည်ဖြေကြား

လမ်းမကြီးရှိ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်နိုင်ရန်အတွက် တိုင်းရင်းသားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအဖွဲ့များမှလည်း ရရှိရန်ပုံငွေများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးရာသီဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အင်အားပြည့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၏ **"ဝါးဘိုးတော-ကမမောင်းကားလမ်းသည် ကမမောင်း-ဖာပွန် တစ်ဆက်တည်း မဟာဗျူဟာလမ်းဖြစ်ပြီး ထိုလမ်းကို ဘားအံမြို့နယ် ကျေးရွာအုပ်စု (၁၂)အုပ်စုနှင့်ကမမောင်းမြို့နယ်ခွဲမှ ကျေးရွာအုပ်စု(၆)အုပ်စု မှီခိုနေကြရပါကြောင်း၊ ယခင်က မြန်မာ့ရေကြောင်းသင်္ဘောသည် ရွှေဂွန်းအထိပြေးဆွဲခဲ့သော်လည်း ယခုအခါ ပြေးဆွဲခြင်းမရှိတော့၍ ဝါးဘိုးတော-ကမမောင်းလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဝါးဘိုးတော-ကမမောင်းလမ်းသည် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဝါးဘိုးတောမှ ကမမောင်းမြို့နယ်ခွဲသို့ ဆက်သွယ်သည့်လမ်းဖြစ်ပါကြောင်း၊ သထုံ-ဘားအံ ကားလမ်းပေါ်ရှိ ဝါးဘိုးတောမှ စတင်၍ ကမမောင်းမြို့နယ်ခွဲထိ (၃၄)မိုင် (၂)ဖာလုံရှိပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၅)မိုင်(၄)ဖာလုံ၊ ကျောက်လမ်း(၂၆)မိုင်(၁)ဖာလုံနှင့် အမာခံလမ်း(၂)မိုင်(၅)ဖာလုံ ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လမ်းတစ်ခုလုံးအား လမ်း-တံတားသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ (၁၁)မိုင် (၄)ဖာလုံရှိ ကျောက်လမ်း ချိုင့်ပေါက်များအား ကျောက်ဖြည့်၍ ဂဝံမြေခင်းကြိတ်ပြင်ဆင်ခြင်း၊ (၆)မိုင်အရှည်ရှိ လမ်းဘေး ဝဲ/ယာ ရေမြောင်းများတူးဖော်ခြင်း၊ (၁၂)မိုင်ရှိ လမ်းပခုံးမြင့်သည့်အပိုင်းအား မြေညှိစက်ဖြင့် ညှိခြင်းနှင့် ပေ (၁၈၀)အထက် တံတားတစ်စင်းအပါအဝင် သစ်သားတံတား (၁၈)စင်းအား ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ လက်ရန်းများလဲလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းနှင့်တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအရ လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့်၏ **"မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနှင့် လော့လော့ကျေးရွာ ဆက်သွယ်သော (ကား/ရထား) မြစ်ကူးတံတား (၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ ထားဝယ်မြို့တို့ကို ရန်ကုန်-မြိတ် ပြည်ထောင်စု လမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားပါကြောင်း၊ ၎င်းလမ်းပေါ်ရှိ သမုတ်မြစ်ကို ရှောင်ကွင်း၍ လမ်းအရှည် (၂၅)မိုင်ရှိသည့် မြိတ်မြို့ရှောင်ကွင်းလမ်းကို မြိတ်မြို့သို့ တိုက်ရိုက်ရောက်ရှိရန် ဖောက်လုပ်ထားပြီး ယင်းရှောင်ကွင်းလမ်းပေါ်ရှိ အရှည် (၂၂၅) ပေရှိ ပပြင်တံတား၊ အရှည် ပေ (၈၀)ရှိ အလယ်ချောင်းတံတားနှင့် အရှည် ပေ (၇၀)ရှိ ဒေါ်တံတားတို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းလျက်ရှိပါကြောင်း။

## တာဝန်ပေး

မြိတ်မြို့ရှောင်ကွင်းလမ်းနှင့် လမ်းပေါ်ရှိတံတားများ ပြုပြင်ထိန်းသိမ်းရန်အတွက် မြိတ်မြို့တွင် အခြေစိုက်သော လေယာဉ်ကွင်းအထူးအဖွဲ့တစ်ဖွဲ့အား တာဝန်ပေးဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ခွဲဝေရရှိသောရန်ပုံငွေဖြင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းတံတား(၃)စင်းတို့ကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့် ဆောက်လုပ်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ရန်ကုန်-ထားဝယ်-မြိတ်လမ်းပေါ်ရှိ မြိတ်မြို့နယ် သမုတ်ကျေးရွာနှင့် လော့လော့ကျေးရွာဆက်သွယ်သော သမုတ်မြစ်ကူး (ကား/ရထား)တံတားဆောက်လုပ်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"ကလေး-ကလေးဝ-ယာကြီး-မုံရွာလမ်းမပေါ်တွင် မြစ်သာတံတား(ကလေးဝ)သည် နိုင်ငံတော်မှ တည်ဆောက်ပေးသောကြောင့် နွေ၊ ဆောင်းရာသီအချိန်တွင် နေ့/ည မရွေး အရေးပေါ်ကိစ္စအတွက် သွားလာနိုင်သောလမ်းမကြီး ဖြစ်နေပါသော်လည်း အထူးသဖြင့် ကလေးဝမှ ယာကြီးရွာအထိလမ်းပိုင်းသည် မြေနီလမ်းများသောကြောင့် မိုးရွာသွန်းချိန်တွင် ကားကြီး/ကားငယ် သွားလာ၍မရသဖြင့် မိုးတွင်းကာလတွင် ကားကြီး-ကားငယ်သွားလာနိုင်အောင် အစိုးရအနေဖြင့် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မုံရွာ-ယာကြီး-ကလေးဝလမ်းသည် (၁၁၅)မိုင် (၅)ဖာလုံ ရှည်လျား၍ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း တည်ရှိပြီး ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ထားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း (၇၃)မိုင်(၂)ဖာလုံ၊ ကျောက်လမ်း (၁၆)မိုင် (၄)ဖာလုံ၊ အမာခံလမ်း (၂၂)မိုင် (၃)ဖာလုံနှင့် မြေလမ်း (၃)မိုင်(၄)ဖာလုံ ဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင် မေးမြန်းစဉ်။ (သတင်းစဉ်)

ယခုလက်ရှိအချိန်တွင် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး လမ်းအင်္ဂါရပ်နှင့်ပြည့်စုံကောင်းမွန်သည့် ကတ္တရာလမ်းအဆင့် ရာနှုန်းပြည့်အမြန်ဆုံးပြီးစီးစေရန် ရည်ရွယ်ပြီး ဒေသခံတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်သည့် မုံရွာအုပ်စု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အား ဘီအိုတီစနစ်ဖြင့် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းကို (၁၇-၈-၂၀၁၀)ရက်နေ့က စတင်ပြီး ဆောင်ရွက်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်းကို ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသည့် မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ယာဉ်ကြီး/ ယာဉ်ငယ်များ ချောမွေ့စွာ သွားလာနိုင်ရေးနှင့် မိုးတွင်း ယာဉ်သွားလမ်းကြောင်း မပြတ်တောက်စေရေးတို့အတွက် ကတ္တရာလမ်းသားပြုပြင်ခြင်းလုပ်ငန်း၊ မြေသားမကောင်း၍ နိမ့်ကျွံသောအပိုင်းများအား ဖယ်ထုတ်၍ ကျောက်ရောမြေဖြင့် တာပေါင်တင်ခြင်းလုပ်ငန်း၊ ဘေလီတံတားများနှင့် သစ်သားတံတားများပြင်ဆင်ခြင်း၊ စက်ယန္တရားဖြင့် လမ်းတာပေါင်ချဲ့ခြင်း၊ လမ်းချောခြင်းလုပ်ငန်းများ၊ လမ်းဘေးဝဲ/ယာ ရေမြောင်းတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

မုံရွာ-ယာကြီး-ကလေးဝလမ်းသည် လမ်းကြောင်းတည်ရှိမှုအရ အောက်ခံမြေသားညံ့ဖျင်းခြင်း၊ ပုထိုးလုံးတောင်နှင့်ရွှေသမင်တောင်ကြောတစ်လျှောက် ပြတ်ရွေ့ဇုန်အတွင်း တည်ရှိခြင်း၊ မိုးသည်းထန်စွာရွာသွန်းလျှင် တောင်ပြိုခြင်း၊ မြေသားလွှာများရွေ့လျားပြိုဆင်းခြင်း၊ အောက်ခံ မြေသားကြေပျက်ခြင်း စသည့် သဘာဝအတားအဆီးများစွာရှိသည့်အတွက် တန်ဖိုးကြီးမြင့်သော အဆင့်မြင့်လမ်းတည်ဆောက်မှု နည်းပညာဖြင့်ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကြောင့် ဘီအိုတီလုပ်ငန်းရှင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၎င်းလမ်းအား ယခုထက်ပိုမိုကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် လမ်းသုတေသနအဖွဲ့မှ တိုင်းတာတွက်ချက်နေပါကြောင်း၊ ထို့အပြင် နည်းပညာပိုမိုအဆင့်မြင့်နိုင်ရန် ထိုင်းနိုင်ငံအခြေစိုက် NEDA (အိမ်နီးချင်းနိုင်ငံများဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း) မှ အင်ဂျင်နီယာများကို ဖိတ်ခေါ်၍ မြန်မာအင်ဂျင်နီယာများနှင့်ပူးပေါင်းပြီး မုံရွာ-ယာကြီး-ကလေးဝလမ်းမှ မြေသားညံ့သော လမ်းအပိုင်းနေရာများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို လေ့လာအဖြေရှာပြီး ဆက်လက်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

## အတည်ပြု

ဦးစတီဗင်သာဘိတ်၏မေးခွန်းသည် အရေးကြီးသည့်မေးခွန်းဖြစ်သည့်အတွက် အဆိုအဖြစ် ပြောင်းပြီး နိုင်ငံတော်သို့တိုက်တွန်းကြောင်းအဆိုအနေဖြင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က လယ်ယာမြေနှင့် လယ်လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံက **"ရေးမြို့နယ်၊ တူးမြောင်း ကျေးရွာအုပ်စုနယ်မြေ လေယာဉ်ပျံကွင်းပတ်ဝန်းကျင်ရှိ ရော်ဘာခြံများကို မည်သည့်အစီအစဉ်ရှိ၍ သိမ်းရန်ကြိုးစားနေသည်ကို သိလိုပါကြောင်း၊ ထိုရော်ဘာခြံများကိုမသိမ်းရန် တားမြစ်ပေးနိုင်မှု ရှိ/မရှိ၊ မတားမြစ်ပေးနိုင်လျှင် ရော်ဘာခြံရှင်များကို ခေတ်ကာလတန်ဖိုးနှင့်နစ်နာကြေးတို့ အပြည့်အဝရရှိနိုင်ရန် စီစဉ်ပေးနိုင်မှုရှိ/မရှိ"** နှင့် **"ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု နယ်မြေ(၁၈) ဆိပ်ကလေးကျေးရွာတွင် လုံခြုံရေးအတွက်အရေးမကြီးဘဲ သိမ်းဆည်းထားသော လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ကျေးရွာမြေကို မလိုအပ်ပါက ပြန်ပေးသင့်ကြောင်းနှင့် အရေးတကြီး သိမ်းဆည်းလိုလျှင် ခေတ်ကာလတန်ဖိုးနှင့်နစ်နာကြေးကို အသိမ်းခံထားရသော ပိုင်ရှင်တို့အားပေးရန်ရှိ/မရှိ"** မေးခွန်းများနှင့် စပ်လျဉ်း၍ မေးခွန်းများသည် အကြောင်းအရာအားဖြင့် မြေသိမ်းဆည်းခြင်းနှင့် နစ်နာကြေးပေးရေးတို့နှင့် သက်ဆိုင်ကြောင်း တွေ့ရှိရသည့်အတွက် တစ်ပေါင်းတည်းဖြေဆိုသွားမည်ဖြစ်ပါကြောင်း။

## ဦးစားပေးရွေးချယ်

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လယ်ယာမြေများအပါအဝင် မည်သည့်မြေကိုမျှ အကြောင်းမဲ့သိမ်းယူအသုံးပြုခြင်းမရှိခဲ့ပါကြောင်း၊ နိုင်ငံတော်၏အမျိုးသားရေး ရေရှည်အကျိုးစီးပွားအတွက် နိုင်ငံတော်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်ချက်ရှိလျှင်လည်း တောင်သူလယ်သမားများ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသည့် မြေများကို တတ်နိုင်သမျှမပါဝင်စေဘဲ မြေလွတ်မြေရိုင်းများကိုသာ ဦးစားပေးရွေးချယ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

အကယ်၍ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် မြေသိမ်းယူအသုံးပြုရာတွင် တောင်သူလယ်သမားများ လက်ရှိစိုက်ပျိုး လုပ်ကိုင်နေသည့် လယ်ယာမြေများ မလွှဲမရှောင်သာပါဝင်ခဲ့ပါကလည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်သည့်ဌာနက မြေသိမ်းအမှုတွဲ ဖွင့်လှစ်စိစစ်ပြီး မြေလျော်ကြေး၊ နစ်နာကြေးများ ထောက်ပံ့ထုတ်ပေးရန် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စုနယ်မြေ လေယာဉ်ကွင်းပတ်ဝန်းကျင်ရှိ ရော်ဘာခြံများကို သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ နယ်မြေဒေသ၏ အခြေအနေမှန်ကို သိရှိနိုင်သောဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆိုင်ရာလုပ်ငန်းဌာနများက ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

အလားတူ ရေးမြို့နယ် ဆိပ်ကလေးကျေးရွာတွင် သိမ်းဆည်းထားသော လယ်မြေ၊ ဥယျာဉ်ခြံမြေများအပေါ် လုံခြုံရေးအတွက် သိမ်းဆည်းဆောင်ရွက်ရန် အစီအစဉ်ရှိပါကလည်း သက်ဆိုင်ရာဌာနအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မြေပြင်ကွင်းဆင်း၍ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦးက **"နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ မသိရှိဘဲ အောက်ခြေ၌ အင်အားကြီးသူအနိုင်ယူစတမ်း ဆောင်ရွက်မှုကြောင့် သိမ်းဆည်းခံရသော လယ်ယာမြေနှင့်လယ်လုပ်ပိုင်ခွင့် ဆုံးရှုံးနေသော တောင်သူလယ်သမားများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"ဘိုးဘွားစဉ်ဆက် မြေခွန်ပြေစာနှင့် စိုက်ပျိုးလုပ်ကိုင်ရင်း ဘဝရပ်တည်ရှင်သန်ခဲ့သော တောင်သူလယ်သမားများ၏ လယ်ယာမြေများ လုပ်ပိုင်ခွင့်ဆုံးရှုံးခဲ့ရသော နစ်နာမှုများအား ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ (၂၃)တွင် **"နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က)အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"** ဟု ပြဋ္ဌာန်းဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

## ခိုင်ခိုင်မာမာရှိ

အစိုးရသစ် ခေတ်ကာလတွင် ခေတ်စနစ်နှင့်လိုက်လျောညီထွေစွာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ဥပဒေမူကြမ်း အဆင့်ဆင့်အား ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ဥပဒေကြောင်းအရ တောင်သူလယ်သမားများအား ကာကွယ်ပေးရန် ပြဋ္ဌာန်းမည့်ဥပဒေ၊ နည်းဥပဒေများအပေါ် သက်ဆိုင်ရာ ဥပဒေကျွမ်းကျင် ပညာရှင်များအနေဖြင့် ဥပဒေအကြောင်းခြင်းရာနှင့်စကားလုံး၊ စကားရပ်များအပါအဝင် တိကျခိုင်မာစေရန် အပြန်ပြန်အလှန်လှန် စိစစ်ရေးဆွဲ ဆောင်ရွက်နေပြီဖြစ်ရာ မေးခွန်းပါ တောင်သူလယ်သမားများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးရန် အစီအစဉ် ခိုင်ခိုင်မာမာရှိနေပြီဖြစ်ပါကြောင်း။

မေးခွန်းတွင်ဖော်ပြပါရှိသည့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကစိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၀)နှင့် ကွင်းအမှတ် (OSS-၃၈) ကွင်းတို့တွင် အောက်ခြေ အာဏာပိုင်နှင့် ဌာနဆိုင်ရာများက ရော်ဘာစိုက်ပျိုးကျူးကျော်မှုများအတွက် နစ်နာမှုများမဖြေရှင်းရသေးကြောင်း တင်ပြချက်နှင့် ပတ်သက်၍ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆိုင်ရာလုပ်ငန်း၊ ဌာနများက မြေပြင်အခြေအနေမှန်ကို ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က မြေပြင်ကြီးကြပ် စစ်ဆေးဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါ ကြောင်း။

မေးခွန်းတွင် ဖော်ပြပါရှိသည့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အနိုင်းပွန်ကျေးရွာ၊ ကွင်းအမှတ် (၂၈၅)၊ (၂၈၆)တွင် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့ကြသော လယ်မြေဧက (၄၀)ကျော် သိမ်းဆည်းခံရခြင်းနှင့်ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဆိုပါကွင်းများအတွင်း ကျွဲနွားစားကျက်မြေ (၁၄၃ ဒသမ ၁၅) ဧကအား စားကျက်မြေအဖြစ်မှ ထုတ်နုတ်ခွင့် လျှောက်ထားခဲ့ရာ ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စားကျက်မြေပယ်ဖျက်လိုက်သည့် ဧရိယာအတွင်းတွင် တောင်သူများလုပ်ကိုင်လျက်ရှိသည့် မြေဧက (၄၀)ပါဝင်ကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

7-9 (06).pmd 1 9/7/2011, 4:04 AM

*စာမျက်နှာ ၆ မှ*

အဆိုပါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကွဲခွာသွားစားကျက်မြေမှ ပယ်ဖျက်လိုက်သည့် မြေများတွင် စိုက်ပျိုးလုပ်ကိုင်သော တောင်သူ (၃၇)ဦးရှိပြီး ၂၀၀၆ ခုနှစ်မှစ၍ (၁)ကေလျှင် စပါး (၆)တင်းနှုန်း သီးစားခပေး၍ လုပ်ကိုင်ရလျက်ရှိကြောင်း၊ ယင်းအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ မြေပြင်စိစစ် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိဝန်ကြီးဌာနအနေဖြင့် ၅-၉-၂၀၁၁ ရက်စွဲပါစာဖြင့် ညှိနှိုင်းဆောင်ရွက်ထားရှိဆဲဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လွှတ်တော်က ဦးနိုင်ထွန်းအုံနှင့်ဦးဇော်နိုင်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကိစ္စများကို ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာများဆိုင်ရာကော်မတီက ဆက်လက်ဆောင်ရွက်ရန် လွှဲပြောင်းပေးကြောင်း ဆုံးဖြတ်သည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်တင်သွင်းထားသည့် **"နိုင်ငံတော် အစိုးရအနေဖြင့် ယနေ့ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းမျိုးသာ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ယနေ့ဆက်လက်ဆွေးနွေးရာတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုများနှင့် ခင်မင်ရင်းနှီးမှုများ ပိုမိုရရှိလာပြီး ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက ယခုဖြစ်ပွားနေသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၃၈)အရ တပ်မတော်၏လက်အောက်တွင် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးရှိရမည်ဟူသောအချက်ကို မလိုက်နာနိုင်သည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့ကြောင့်သာဖြစ်ကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းတို့၏ နောက်ခံသမိုင်းကြောင်း မတူညီသည့်အတွက် တစ်ဖွဲ့ချင်းသာ သီးခြားစီဆွေးနွေးသင့်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အခြေခံဥပဒေနှင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံရမည်ဖြစ်ပြီး အခြေခံဥပဒေကို လက်ခံလိုက်နာသူများသာ ငြိမ်းချမ်းရေးဆွေးနွေးမည့် ကော်မတီတွင်ပါဝင်သင့်ပါကြောင်း၊ ကော်မတီသည် နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်ဖြစ်သည့် တူတာတွေ ပူးတွဲလုပ်ဆောင်၊ မတူတာတွေ ခေတ္တဘေးဖယ်ထားဆိုသည့် စကားအတိုင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် အမြင်မတူသော်လည်း တူသည်များ ပူးတွဲလုပ်ဆောင်လျက် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အခြေခံ ဥပဒေအခြေခံမူတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို အထိပါးမခံဘဲ အားလုံးသောအဖွဲ့အစည်းများက ဖြေရှင်းနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ယာယီငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့သည့် တပ်မတော်အစိုးရလက်ထက်တွင် အမြဲလက်ခံကျင့်သုံးခဲ့ကြသည့် မူဝါဒလည်းဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးကြမည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ဤမူဝါဒကို လက်ကိုင်ထားပြီး ဆွေးနွေးကြမည်ဆိုလျှင် အပစ်အခတ်ရပ်စဲရေးသာမက ငြိမ်းချမ်းရေးအထိသို့တိုင် လျှောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ဖြစ်ပေါ်နေသော ပြည်တွင်းသောင်းကျန်းသူများနှင့် ပစ်ခတ်မှုများအပေါ် ငြိမ်းချမ်းရေးနှင့်အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆောင်ရွက်နိုင်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို အထိပါးမခံဘဲ ဆွေးနွေးညှိနှိုင်းသင့်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

## မျှော်လင့်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစခုန်တိန့်ယိန်းက နိုင်ငံတော်ကြီးကိုဖြိုခွဲသည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖြိုခွဲသည့်၊ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်တားဆီးသည့် လက္ခဏာသက်ရောက်သော လက်နက်ကိုင်ပဋိပက္ခများသည် အကြမ်းဖက်လက္ခဏာဆောင်သည့် လက်နက်ကိုင် ပဋိပက္ခအဖြစ်သို့ ပြောင်းလဲသွားပါက အလွန်အန္တရာယ်ကြီးမားလာမည်ကို စိုးရိမ်ရပါကြောင်း၊ တိုင်းရင်းသားညီနောင်များအကြား ကောင်းကျိုးစီးပွားများ ထွန်းကားစေရေးအတွက် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် သေကျေပျက်စီးနေစေမှုများကို စွန့်လွှတ်ကြစေကာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန် မျှော်လင့်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခမပြီးဆုံးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဥပဒေပြင်ပတွင် လက်နက်စွဲကိုင်ပြီး လှုပ်ရှားနေမှုများကိုရပ်စဲကာ ဥပဒေဘောင်အတွင်းမှ တရားသော အခွင့်အရေး တောင်းဆိုမှုများပြုနိုင်ရန်နှင့် ပြည်သူအားလုံးအတွက် လုံခြုံမှုနှင့် ဘဝသစ်တည်ဆောက်နိုင်ရေးအတွက် လုံလောက်သော အစီအမံများကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံထားပြီး တိုင်းပြည်အကျိုးကို ဆောင်ရွက်ရာ၌ တိုင်းရင်းသားပေါင်းစုံပါဝင်ပြီး စားပွဲပေါ်၌ လွှတ်တော်နည်းဖြင့် ညီအစ်ကိုများ၏ပြဿနာကို ဖြေရှင်းအဖြေရှာရန်လိုလားကြပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို လုံးဝချုပ်ငြိမ်းသွားအောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ မြန်မာပြည်တွင် အထင်ကရပုဂ္ဂိုလ်များ ပါဝင်သော ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရန်၊ ထိုကော်မတီသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုခံယူရန်၊ ဒို့တာဝန်အရေးသုံးပါးထိခိုက်စေမည့် ဆုံးဖြတ်ပိုင်ခွင့်မပေးရန်နှင့် ပြည်သူများ၏လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် တန်းတူညီမျှရေး အစဉ်ထည့်သွင်းစဉ်းစားရန်စသည်တို့ကို အကြံပြုပါကြောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး သံသယကင်းစွာဖြင့် အမှန်တရားဖော်ထုတ်သင့်ပြီဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းက အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ နိုင်ငံတော်မှရရှိပြီးဖြစ်သော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ အသက်သွေးချွေးတို့ဖြင့် ရယူခဲ့သည့် လွတ်လပ်ရေးကို မည်သည့်အခါမျှ အဆုံးရှုံးမခံနိုင်ပါကြောင်း၊ ထို့အတူ ပြည်ပအင်အားကြီးနိုင်ငံတို့၏ ဩဇာခံအဖြစ်လည်း လက်မခံပါကြောင်း၊ ခေတ်သစ်နယ်ချဲ့ကိုလိုနီစနစ်ဝါဒကိုလည်း ဆန့်ကျင်ပါကြောင်း၊ ထို့အတူ ရရှိပြီးဖြစ်သော တပေါင်းတစည်းတည်းဖြစ်သည့် ပြည်ထောင်စု၊ ခိုင်မြဲသည့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု၊ ထာဝရအဓွန့်ရှည်မည့် အချုပ်အခြာအာဏာတို့အား နိုင်ငံသားတိုင်းက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း နိုင်ငံသားများပင် ဖြစ်သည့်အလျောက် မျိုးချစ်စိတ်ကို အရင်းခံပြီး တွေ့ဆုံဆွေးနွေးမည်ဆိုပါက အောင်မြင်သော ဆွေးနွေးပွဲများ မလွဲကေန်ရရှိမည် ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက ယခုကဲ့သို့ နိုင်ငံရေးစနစ် ပြောင်းချိန်၊ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် ပြည်တွင်း ပြည်ပမှ မြန်မာနိုင်ငံအပေါ် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာ၌ လုံခြုံရေးဆိုင်ရာပြဿနာများ ဖြစ်လာသဖြင့် တစ်မျိုးသားလုံးအတွက် ထိခိုက်နစ်နာမှုဖြစ်စေပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ဒေသကိုဖျက်ဆီးသော၊ ပျက်စီးစေသော လုပ်ရပ်များ မပြုလုပ်ရန်၊ နိုင်ငံရေးရည်မှန်းချက်ကို တိကျစွာဖော်ပြပြီး အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ရန်နှင့် ဒေသ၊ လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေသော လုပ်ငန်းစီမံချက်၊ နည်းဗျူဟာ၊ မဟာဗျူဟာများကို ဖော်ထုတ်ပြသရန် တာဝန်ရှိပါကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်သော သဘောတူညီချက်များရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးရန်လိုကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် ပြည်ပဩဇာ ကင်းရန်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၃၈)အရ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်ဟု ဥပဒေပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် တူညီသောအချက်များကို လက်ခံဆွေးနွေးပြီး မတူညီသောအချက်များကို ပယ်ဖျက်ဘေးဖယ်ထားလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းမှသာ ဆွေးနွေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမန်းအောင်တင်မြင့်က တစ်ဦးနှင့်တစ်ဦး အမြင်မကြည်လင်မှု၊ နားလည်လွဲမှားနေမှု၊ မယုံသင်္ကာဖြစ်နေမှုတို့ကို ဖြေဖျောက်ပြီး စကားအသုံးအနှုန်း သတိထားဆင်ခြင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့် ခေတ်ကာလအချိန်အခါနှင့်အညီ အမြော်အမြင်ကြီးမားမှု၊ စိတ်ရှည်မှု၊ သဘောထားကြီးမှု၊ နားလည်စာနာမှုများဖြင့် ညီအစ်ကို တိုင်းရင်းသားများကို လက်တွဲပေးနိုင်ရန် တိုက်တွန်းပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အခွင့်အရေးဆိုင်ရာအငြင်းပွားမှု၊

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းစဉ်။

(သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညား အောင်မိုး ဆွေးနွေးစဉ်။

(သတင်းစဉ်)

လူမျိုးရေးအငြင်းပွားမှုနှင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး အချင်းချင်း လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေး ကမ်းလှမ်းမှုများပြုလုပ်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ရာ ဒေသတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် အကျိုးကျေးဇူးများကို ခံစားနေရပြီဖြစ်ကြောင်း၊ ထိုသို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တွေ့ဆုံဆွေးနွေးမှုသာလျှင် ထာဝရငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်ပြီး ဆွေးနွေးသည့် အခါတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို မထိပါးသင့်ကြောင်းနှင့် မမေ့လျော့သင့်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **"သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲသော သမဝါယမအသင်းဥပဒေ(၁၉၉၂)အား လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများနှင့် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဥပဒေဆိုသည်မှာ အဓိကကျသော၊ အရေးကြီးသော မူဝါဒဆိုင်ရာအချက်အလက်များကိုသာ ကျစ်ကျစ်လျစ်လျစ်ထည့်သွင်းပြဋ္ဌာန်းရပြီး အသေးစိတ်အချက်အလက်များကိုမူ သက်ဆိုင်ရာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းပြဋ္ဌာန်းရပါကြောင်း၊ ဦးခင်မောင်ရီ အဆိုပြု တင်ပြထားသည့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့် သမဝါယမအသင်း နည်းဥပဒေတို့တွင် အသေးစိတ်ဖော်ပြပါရှိပြီး ဖြစ်ပါကြောင်း၊ အခွန်အခများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၃၈၉)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် သမဝါယမအသင်းများကလည်း အခွန်ပေးဆောင်ရန်တာဝန်ရှိပါကြောင်း။

၁၉၇၀ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေသည် ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ မူဝါဒများနှင့်အညီ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေမှာ ၁၉၉၂ ခုနှစ်တွင် ပြောင်းလဲသွားသောအခြေအနေများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဥပဒေအခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ (၂)(တ)တွင် ဖော်ပြထားသည့် "ဝန်ကြီး" ဆိုသောစကားရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "ပြည်ထောင်စုဝန်ကြီး"ဟု ပြင်ဆင်ပေးရန်မှအပ ယနေ့အခြေအနေများနှင့် ကိုက်ညီလျက်ရှိကြောင်းတွေ့ရှိရသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့် ညီညွတ်သောအသုံးအနှုန်းများနှင့် အစားထိုးပြင်ဆင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း။

## ရည်မှန်းဆောင်ရွက်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆ (က)တွင် "နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်"ဟု ပြဋ္ဌာန်းထားသကဲ့သို့ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌လည်း "စီးပွားရေးလုပ်ငန်းစဉ်တွေရဲ့ အချုပ်ကတော့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို ဈေးကွက်စီးပွားရေးစနစ်ဘောင်အတွင်း သဟဇာတမျှတစွာဖြင့် တစုတစည်းတည်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါမယ်"ဟု မိန့်ကြားခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၌လည်း နိုင်ငံတော်သမ္မတကြီးက "နိုင်ငံတကာမှာ Co-operative အစုအဖွဲ့များကို အခြေခံပြီး ယနေ့အထိအောင်မြင်စွာဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် သမဝါယမစနစ်ဆိုလျှင် ဆိုရှယ်လစ်ခေတ်က ရပ်ကွက်လုံးကျွတ်၊ ရွာလုံးကျွတ်၊ မဝင်မနေရပါဝင်စေခဲ့ပြီး မမှန်မကန်လုပ်ရပ်ဖြစ်စဉ်များကြောင့် ပြည်သူလူထုက အယုံအကြည် ကင်းမဲ့ခဲ့သည့် သင်ခန်းစာကိုယူပြီး အထက်အဖွဲ့အစည်းက ဖွဲ့ပေးခြင်းမျိုးမဟုတ်ဘဲ ယနေ့ ခေတ်သစ်၊ စနစ်သစ်မှာ လူသစ်၊ စိတ်သစ်၊ စိတ်တူကိုယ်တူ ညီညွတ်သူ တစ်စုဖြင့်သာ ၎င်းတို့အချင်းချင်း၊ အလုပ်ကြိုးစားသူချင်း၊ ငွေရေးကြေးရေးစိတ်ချရသူချင်း၊ ကုန်ထုတ်လုပ်မှုအစုအဖွဲ့များဖြင့် ဆန္ဒရှိသူ၊ လုပ်ကိုင်လိုသူများဖြင့် စည်းရုံးဖွဲ့စည်းအားပေးသည့် အသွင်ကို ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်" ဟု မိန့်ကြားခဲ့ပါကြောင်း၊ "မြို့နယ်မှာစုဖွဲ့မည့် မြို့နယ်အစုအဖွဲ့သည် နောင်တစ်ချိန်တွင် မြို့နယ် သမဝါယမအသင်းစုများနှင့် ကျေးရွာမှာစုဖွဲ့မည့် ကျေးရွာအစုအဖွဲ့သည် နောင်တစ်ချိန်တွင် ကျေးရွာသမဝါယမအသင်းခွဲများဖြစ်လာမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို နောင်(၂) နှစ်ခန့်ကြာသည့်အခါမှာ ကူးပြောင်းသွားနိုင်ဖို့ သမဝါယမဝန်ကြီးဌာနက ချမှတ်ထားတဲ့ စုဖွဲ့မှုပုံစံနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းလုပ်လိုသူများက အများသဘောတူ အစုဝင်ငွေများ ထည့်သွင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ စုဖွဲ့ရာတွင် အထက်မှအောက်သို့ အမိန့်ပေးစနစ် Top Down Policy ဖြင့် ဖွဲ့စည်းခြင်းမျိုးရှောင်ကြဉ်၍ လက်အောက်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေသော Bottom up Initiative ပုံစံဖြင့် ဖွဲ့စည်းရမှာဖြစ်ပါတယ်"ဟု မိန့်ကြားခဲ့ပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတွင် ကျေးရွာနှင့်မြို့နယ်များကိုအခြေခံ၍ အစုအဖွဲ့ပုံသဏ္ဌာန် (Village Based Community) ဖွဲ့စည်း၍ အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သမဝါယမအသင်းခွဲများ၊ အသင်းစုများအသွင်သို့ ပြည်သူလူထုယုံကြည်ကိုးစားမှုရှိချိန်တွင် ကူးပြောင်းရောက်ရှိရေး ဆောင်ရွက်မည်ဖြစ်သဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် သမဝါယမဝန်ကြီးဌာန၏ အခန်းကဏ္ဍမှာ အရေးပါသောအခန်းကဏ္ဍတွင် ရှိနေကြောင်း။

## ဆိုင်းငံ့ထား

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ကို လိုက်နာအကောင်အထည်ဖော်မှုအပိုင်းတွင် အစိုးရသစ် စတင်တာဝန်ယူချိန်မှစ၍ ယနေ့အထိ သမဝါယမအသင်းနှင့် အစုအဖွဲ့ (၁၃၉၈) ဖွဲ့ကို စည်းရုံးဖွဲ့စည်းပေးနိုင်ခဲ့ပြီး အရင်းမပျောက်မတည်ငွေ ကျပ်သန်း (၃၇၃၂၉ ဒသမ ၀၆၂)ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်ရှိပြီးအသင်းပေါင်း(၁၁၁၀၇)သင်းဖြစ်၍ လက်ရှိအခြေအနေတွင် သမဝါယမအသင်း အနေဖြင့် ဗဟိုသမဝါယမအသင်း (၁)သင်း၊ အသင်းစုချုပ်(၂၀)၊ အသင်းစု (၄၆၀)၊ အခြေခံအသင်း (၁၀၆၇၀)၊ စုစုပေါင်းအသင်း (၁၁၁၅၁)သင်းနှင့် အစုအဖွဲ့ (၁၃၅၄)ဖွဲ့ရှိနေပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုပါ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူ့ငွေစာရင်းကော်မတီက ပြန်လည် စိစစ်ရန်အတွက် အဆိုကို ဆိုင်းငံ့ထားကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ယင်းတို့အနက်မှ မေးခွန်းတစ်ခုကို အဆိုအဖြစ် ပြောင်းလဲအတည်ပြုခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့် အဆို(၁)ခုကို အတည်ပြုခြင်း၊ အဆိုသစ်(၁)ခု တင်သွင်းခြင်းနှင့် ဆိုင်းငံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

*❖ ရှေ့ဖုံးမှ*

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြည်ထဲရေးဝန်ကြီးဌာနက လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူအကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး ရည်မှန်းချက် တာဝန်(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ဒေသတွင်းမွေးမြူရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုသယံဇာတလုပ်ငန်း၊ ပုဂ္ဂလိကရေအားလျှပ်စစ်လုပ်ငန်း၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးသမဝါယမလုပ်ငန်း၊ သမဝါယမလုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများမှ စီးပွားဖြစ်ထွန်းနိုင်သည့် အလားအလာများကို အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဒေသတွင်းကျန်ရှိနေသည့် မြေလပ်၊ မြေလွတ်များ၌ စိုက်ဧကများတိုးချဲ့နိုင်ရေး၊ ဒေသတွင်းဖြစ်ထွန်းသည့် စပါး၊ မြေပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ လက်ဖက်စသည့် အဓိကသီးနှံများ စိုက်ပျိုးရာတွင်

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဟိုပုံးမြို့ခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ ဓာတ်မြေဩဇာသုံးစွဲရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းများ သုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ဟိုပုံးမြို့မှ မြို့မိမြို့ဖ ဦးစိုင်းလှမောင်က မြို့မိမြို့ဖများကိုယ်စား ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယသမ္မတက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ တင်ပြချက်များအနက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ မီးသတ်ယာဉ်များရရှိရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိရေး တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းရန် ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း သက်ဆိုင်ရာဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ဖွံ့ဖြိုးတိုးတက်**

ဤသို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ဆန့်ကျင်နေကြသည့်အဖွဲ့များနှင့် ယခင်တပ်မတော်အစိုးရလက်ထက်က ငြိမ်းချမ်းရေးရယူ တည်ဆောက်ထားနိုင်ခဲ့ကြောင်း၊ တစ်ဦးနှင့်တစ်ဦးယုံကြည်မှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုများဖြင့် အတူတကွလက်တွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် နယ်စပ်ဒေသများအားလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ဒေသနေတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း အေးချမ်းတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု အကျိုးရလဒ်များကို တွေ့ထိခံစားနေကြရပြီး တစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းစွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် သဘောထားအမြင်မတူကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မတူကွဲပြားတာတွေကိုဘေးဖယ်ပြီး တိုင်းပြည်အတွက် အမှန်အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ရန် အခါအခွင့်သင့်တိုင်း ဖိတ်ခေါ်မှုပြုခဲ့ပါကြောင်း။

**ဖိတ်ခေါ်ခဲ့**

ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် (၁၈-၈-၂၀၁၁)နေ့စွဲပါ ကြေညာချက် အမှတ်(၁/၂၀၁၁)ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း။

တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ရရှိခံစားနေသည့် ငြိမ်းချမ်းမှု အခြေအနေများ ထာဝစဉ်တည်တံ့နေစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန်လိုပါကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ကျင်းပပြုလုပ်၍ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ(၃)ရပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိရာ (၆)လခန့် ကာလအတွင်း လုပ်ငန်းများလည်း အရှိန်ရလာပြီဖြစ်ပါကြောင်း။

**ကျင်းပညှိနှိုင်း**

ယနေ့အချိန်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုရေး၊ စီးပွားရေး အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပညှိနှိုင်းအဖြေရှာခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲ၏ ရလဒ်ကို အခြေခံ၍ အစီအမံများ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

အလားတူ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်မှုလုပ်ငန်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတော်၏စီးပွားရေးလည်း တိုးတက်လာနိုင်မှာဖြစ်ပါကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်လာသည်နှင့်အမျှ ဆင်းရဲမှုလည်း လျှော့နည်းပပျောက်သွားမှာဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ အောင်မြင်ဖြစ်ထွန်းလာအောင် ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကဏ္ဍအတွက် ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံစသည့် အစုအဖွဲ့မှတစ်ဆင့် ဒေသတစ်ခုလုံး လွှမ်းခြုံသည့် ကျန်းမာရေးဖြစ်ထွန်းမှုရရှိအောင် ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ပညာရေးကဏ္ဍတွင်လည်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း စသည့် ပညာရေးဆိုင်ရာ အစုအဖွဲ့များမှတစ်ဆင့် ဒေသတစ်ခုလုံးလွှမ်းခြုံသည့် ပညာရေးဖြစ်ထွန်းမှုရရှိအောင် ဆက်စပ်ဆောင်ရွက်သွားရန်လိုပါကြောင်း။

**အလေးထားဆောင်ရွက်**

ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဝန်ထမ်းများသည် ယနေ့အုပ်ချုပ်ရေးစနစ်သစ် ကျင့်သုံးနေသည့်အချိန်ကာလ၌ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲကြရန်လိုပါကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်သဘောထားကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများ၏အားကို ရယူဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ မြန်မြန်ဆန်ဆန် အောင်မြင်ဖြစ်ထွန်းလာမှာဖြစ်၍ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ မိမိတို့ မှန်မှန်ကန်ကန် ဦးဆောင်မှု၊ စေတနာမှန်ကန်မှုထားရှိသည်နှင့်အမျှ ပြည်သူများကလည်း လိုက်ပါပူးပေါင်းလာမှာဖြစ်၍ ပြည်သူများ၏ပူးပေါင်းပါဝင်မှုကိုရရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ အခြေခံပညာအထက်တန်းကျောင်းများအနက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်အကောင်းဆုံးနှင့် ဒုတိယအောင်ချက်အကောင်းဆုံး အခြေခံပညာအထက်တန်းကျောင်းများနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတို့ကို ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက်များကို ပေးအပ်ချီးမြှင့်ရာ ဟိုပုံးမြို့နယ်မှ အောင်ချက်အကောင်းဆုံး ဟိုပုံးအခြေခံပညာအထက်တန်းကျောင်းနှင့် ဒုတိယအောင်ချက်အကောင်းဆုံး ဟိုပုံးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဆီဆိုင်မြို့နယ်မှ အောင်ချက်အကောင်းဆုံး ဘန်းယဉ်အခြေခံပညာအထက်တန်းကျောင်းနှင့် ဒုတိယအောင်ချက်အကောင်းဆုံး ဆီဆိုင်အခြေခံပညာအထက်တန်းကျောင်း၊ ပင်လောင်းမြို့နယ်မှ အောင်ချက်အကောင်းဆုံး တင်းတက်အခြေခံပညာအထက်တန်းကျောင်းနှင့် ဒုတိယအောင်ချက်အကောင်းဆုံး ပင်ခွန်အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်များနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည်
အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**ကြိုဆို**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသ
ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်
ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ဟိုပုံး
တည်ဆောက်မည့် သံဃာဆောင်၊ အသစ်တူး
ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို
သမ္မတက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံ
လျက်ရှိသော လူနာများအား အားပေးစကား
ရောဂါကုဌာန၊ သားဖွားလူနာခန်းနှင့် ဝန်ထမ်
မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ
အထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်
ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ
ကြိုဆိုကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်
များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား
ဟောင်းနေရာ၌ အသစ်တည်ဆောက်လျက်ရှိသ
ပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အုတ်ညှပ်အ
နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ဟိုပုံးမြို့အခြေခံပညာ
အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်မျ
ဝန်ကြီးဌာန အစိုးရနည်းပညာအထက်တန်းကျေ
ကြရာ ကျောင်းအုပ်ကြီး ဦးစိုင်းကျော်ကျော်ခိုင
ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယသမ္မတသည် အစိုး
ကျောင်း(ပင်းပက်)၏ အီလက်ထရွန်နစ် လက်
လက်တွေ့ခန်း၊ သတ္တုနည်းပညာ လက်တွေ့ခန်းနှ
တို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် ဘ
ဆရာ ဆရာမများက ကျောင်းသားများ၏ လက်
ပြုလုပ်နေမှုကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသ
မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်မျ
သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဆ
ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တောင်
ခန်းမ၌ တောင်ကြီးတက္ကသိုလ်၊ နည်းပညာ
ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တို့မှ တာဝန်ခံပါ
များနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် တာဝန်
ဒေါ်မူမူမြင့်က နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည
သမိုင်းအကျဉ်းချုပ်၊ ဖွဲ့စည်းပုံအရကျောင်းသား
ကျောင်းသားဦးရေ၊ သင်ကြားပို့ချသော အထူးပြု
များနှင့် ဝန်ထမ်းအင်အား၊ တက္ကသိုလ်ဝင်စာမေ
တက္ကသိုလ် ပထမနှစ်တက်ရောက်သည့်ရာခိုင်
သုတေသနအချက်အလက်၊ တက္ကသိုလ်ပတ်
ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(တောင်
ဒေါက်တာဒေါ်စန်းစန်းရီက ကျောင်းစတင်
နည်းပညာကောလိပ်အဆင့်မှ နည်းပညာတက္က
စတင်တိုးမြှင့်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားစီမံကိန်းစုရပ်မျ
ဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ

**ရည်မှန်းချက်တာဝန်**

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် ခေတ္တ
ဒေါ်နန်းဆီခမ်းက ကွန်ပျူတာတက္ကသိုလ်(တောင်ကြ
သမိုင်းကြောင်း၊ ရည်မှန်းချက်တာဝန်၊ သင်
ဘာသာရပ်များ၊ သင်ကြားစီမံကိန်းစာရွက်များကို ရှ

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဟိုပုံးမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများကို အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

ဒုတိယသမ္မတသီဟသူရ ဦးတင်အောင်မြင့်ဦး ဟိုပုံးမြို့ ခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

## ကြိုဆို

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ဟိုပုံးမြို့နယ် ဆေးရုံဝင်းအတွင်း တည်ဆောက်မည့် သံဃာဆောင်၊ အသစ်တူးဖော်မည့် အဝီစိရေတွင်းနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားပြီး သွားနှင့်ခံတွင်းရောဂါကုဌာန၊ သားဖွားလူနာခန်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီးဦးတင်မောင်ဝင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသူများက ကြိုဆိုကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ကျောင်းဆောင်ဟောင်းနေရာ၌ အသစ်တည်ဆောက်လျက်ရှိသည့် အလျား ပေ ၄၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အုတ်ညှပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ဟိုပုံးမြို့အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးစိုင်းကျော်ကျော်ခိုင်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယသမ္မတသည် အစိုးရနည်းပညာ အထက်တန်းကျောင်း(ပင်းပက်)၏ အီလက်ထရွန်နစ် လက်တွေ့ခန်း၊ လျှပ်စစ်စွမ်းအား လက်တွေ့ခန်း၊ သတ္တုနည်းပညာ လက်တွေ့ခန်းနှင့် စက်မှုပုံစံပြု လက်တွေ့ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်အလိုက် တာဝန်ခံဆရာ ဆရာမများက ကျောင်းသားများ၏ လက်တွေ့သင်ခန်းစာများ သင်ကြားပြုလုပ်နေမှုကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တောင်ကြီးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တို့မှ တာဝန်ခံပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့် တောင်ကြီးတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ ဖွဲ့စည်းပုံအရကျောင်းသားဦးရေနှင့် မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ စာသင်ခန်းများနှင့် ဝန်ထမ်းအင်အား၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တောင်ကြီးတက္ကသိုလ် ပထမနှစ်တက်ရောက်သည့်ရာခိုင်နှုန်း၊ ပါရဂူဘွဲ့ရစာရင်းနှင့် သုတေသနအချက်အလက်၊ တက္ကသိုလ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နည်းပညာတက္ကသိုလ်(တောင်ကြီး)ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းရီက ကျောင်းစတင်ဖြစ်ပေါ်လာမှုနှင့် အစိုးရနည်းပညာကောလိပ်အဆင့်မှ နည်းပညာတက္ကသိုလ်(တောင်ကြီး)အဆင့်သို့ စတင်တိုးမြှင့်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားစီမံကိန်းစဉ်ရပ်များနှင့် ပညာရည်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

## ရည်မှန်းချက်တာဝန်

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နန်းဆီခမ်းက ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ဖွဲ့စည်းတည်ဆောက်ခဲ့မှုသမိုင်းကြောင်း၊ ရည်မှန်းချက်တာဝန်၊ သင်ကြားလျက်ရှိသော အဓိကဘာသာရပ်များ၊ သင်ကြားစီမံကိန်းစဉ်ရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ကျောင်းသားဦးရေ နှစ်စဉ်တိုးတက်မှုရှိနေသည့်အတွက် နှစ်အလိုက်လိုအပ်လာမည့် စာသင်ခန်း၊ စာသင်ဆောင်များကို ငါးနှစ်ကာလအတွက် အဆင့်လိုက်တည်ဆောက်နိုင်ရန် Master Plan ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရင်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း ဟိုပုံးမြို့၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်)တို့သို့ သွားရောက်ခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလည်း တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ တာဝန်ခံပါမောက္ခချုပ်များနှင့်တွေ့ဆုံပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တောင်ကြီးတက္ကသိုလ်တွင် လက်ရှိကျောင်းသား ကျောင်းသူ (၅၀၀၀) ခန့် တက်ရောက်လျက်ရှိပြီး လာမည့်စာသင်နှစ်တွင် ကျောင်းသားဦးရေ ပိုမိုတိုးတက်လာမည်ဟု သိရပါကြောင်း၊ အလားတူ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင်လည်း ကျောင်းသားဦးရေ ပိုမိုတိုးတက်လာခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အားရဝမ်းမြောက်မှုဖြစ်ရပါကြောင်း။

## လေ့ကျင့်ပေး

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် နိုင်ငံတော် အခြေပြုမိန့်ခွန်းတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေးတိုးတက်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်စုံစုံဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှု အရည်အသွေးတိုးမြှင့်ရေး၊ နိုင်ငံတကာအဆင့် ပညာရည်မြင့်မားမှုရရှိရေးအတွက် နိုင်ငံခြားပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေးရေးတို့ကို ထည့်သွင်းမှာကြားခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်ရှိပြီးဖြစ်သည့် သယံဇာတကို လူ့စွမ်းအားဖြင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်က စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံ ထူထောင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအပိုင်းကပါ ဆောင်ရွက်လျက်ရှိရာ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ယနေ့ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးလျက်ရှိသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အားတက်မှုဖြစ်ရပါကြောင်း။

## အရည်အသွေးပြည့်ဝ

ဆရာ ဆရာမများအနေဖြင့် တပည့်ကျောင်းသား ကျောင်းသူများကို လက်တွေ့နယ်ပယ်တွင် စာတွေ့၊ လက်တွေ့ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သူများဖြစ်အောင်၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အားထားရသူများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးအောင် ထူထောင်ပေးကြမည့် အရည်အသွေးပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရေးကို မှာကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ ပညာရေးကောလိပ်၊ စက်မှုလက်မှုအထက်တန်းကျောင်းနှင့် အစိုးရအထက်တန်းကျောင်းများအတွက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက Sky Net ရုပ်သံဖမ်းစက်များကို ပေးအပ်ရာ တောင်ကြီးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ သူနာပြုသင်တန်းကျောင်း၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ပင်းပက်)တို့မှ တာဝန်ခံပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။ ယနေ့ ရွှေသံလွင်ကုမ္ပဏီက စုစုပေါင်း Sky Net ရုပ်သံဖမ်းစက် (၂၉)လုံး ပေးအပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

## ကြည့်ရှုလေ့လာ

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးတက္ကသိုလ် သုတေသန ပြခန်းအတွင်း ခင်းကျင်းပြသထားသော အင်းလေးကန် မိုင်(၂၀)ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်သက်ဆိုင်သော သုတေသနများ၊ ပါရဂူဘွဲ့ကျမ်းများ၊ မဟာသိပ္ပံဘွဲ့ကျမ်း၊ မဟာသုတေသနဘွဲ့ကျမ်းနှင့် သုတေသနစာတမ်းများကို ကြည့်ရှုလေ့လာရာ တာဝန်ခံပါမောက္ခချုပ်က ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

# ချစ်ကြည်ရေးဘော်လီဘောပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာဘော်လီဘောအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၆**

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ချစ်ကြည်ရေးဘော်လီဘောပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်ဘော်လီဘောအမျိုးသား အမျိုးသမီးအသင်းများသည် စက်တင်ဘာ၅ ရက် နံနက်ပိုင်းတွင်လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနည်းပြချုပ် Mr. Zhang Qun နှင့် နည်းပြ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်၊ အမျိုးသားလက်ရွေးစင်များဖြစ်ကြသည့် ကျော်ရွှေဝင်းထွန်းဦး၊ အောင်သူ၊ ခင်မောင်တိုး၊ ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ကျော်ကျော်ထွေး၊ ရဲရင့်ထွန်း၊ ပိုင်သ၊ စိုင်းညီလေးနှင့် အောင်မြတ်ထွန်းတို့ လိုက်ပါသွားကြသည်။

အမျိုးသမီးလက်ရွေးစင်အသင်းတွင် နည်းပြချုပ် Ms. Zhou Jing နှင့် နည်းပြ ဦးထွန်းငွေနှင့် လက်ထောက်နည်းပြ ဒေါ်သန္တာမောင်၊ အားကစားသမားများအဖြစ် နီလာအေး၊ မိုးမိုးစန်း၊ ဖြူဖြူဝေ၊ အေးနန္ဒာကျော်၊ မို့မို့မြင့်၊ သီသီအောင်၊ ခင်သက်ဝေ၊ ခိုင်ခိုင်စိုး၊ ချိုချိုဝင်း၊ စုမြတ်မွန်နှင့် ထက်ထက်လှိုင်တို့ လိုက်ပါသွားကြပြီး မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ထိုင်းတပ်မတော်အသင်း၊ ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်းတက္ကသိုလ်အသင်းများနှင့် ချစ်ကြည်ရေးလက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ထိုင်းလက်ရွေးစင်(ခ) အသင်း၊ ထိုင်းတက္ကသိုလ်အသင်းများ၊ အယုဒ္ဓယမြို့ရှိ ကလပ်အသင်းများနှင့် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာ့လက်ရွေးစင်ဘော်လီဘော အမျိုးသား၊ အမျိုးသမီးအသင်းများ ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (ဘော်လီဘောအဖွဲ့ချုပ်)

# ကမ္ဘာသိ မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှု




**စာမတတ်ခြင်းကြောင့် ဆုံးရှုံးမှုများ**

မွေးမြူရေးခြံတစ်ခု၌ အလုပ်သမားတစ်ဦးသည် အိတ်တစ်အိတ်ဘေး၌ ရေးထားသော "အဆိပ်" ဟူသောစာကို မဖတ်တတ်သဖြင့် အိတ်အတွင်းမှ ပစ္စည်းများကို အစာဟုထင်ပြီး ကျွေးလိုက်သဖြင့် တိရစ္ဆာန်များ အုပ်လိုက်သေဆုံးရသော အဖြစ်။

"သတိ-စွတ်စိုနေစဉ် ချော်လဲတတ်သည်" ဆိုသော သတိပေးဆိုင်းဘုတ်မှစာကို မဖတ်တတ်သဖြင့် စက်ရုံတစ်ရုံမှ အလုပ်သမားတစ်ဦးသည် ကြမ်းတိုက်ထားသော ကြမ်းပြင်ပေါ်နင်းမိပြီးချော်လဲကာ ခါးရိုးကျိုးသွား၍ ဒဏ်ရာအနာတရဖြစ်ရသော အဖြစ်။

ပစ္စည်းတပ်ဆင်ရန် လမ်းညွှန်စာအုပ်ကို မဖတ်တတ်သဖြင့် အလုပ်သမား တစ်ဦးသည် စက်ပစ္စည်းကိရိယာများကို တပ်ဆင်ရာတွင် ပစ္စည်းများကို ဖျက်ဆီးသလိုဖြစ်ခဲ့ရသည့်အဖြစ်။

ဤအဖြစ်အပျက်များသည် စာတတ်ခြင်း၏ အရေးပါပုံကို အဓိကဖော်ပြနေသည့် အချက်များပင်ဖြစ်သည်။ ထို့အပြင် တိုင်းပြည်အတွက် အကုန်အကျစရိတ်စကများစေသည့် ပြဿနာများလည်းဖြစ်ပါသည်။

စာမတတ်ခြင်းသည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးတွင်လည်း သက်ရောက်မှုရှိသည်။

**စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးမှု**

အလုပ်သမားများသည် စာတတ်မြောက်မှုမရှိပါက လုပ်ငန်းကို ထိခိုက်နစ်နာစေပါသည်။ ကုန်ထုတ်စွမ်းအား နိမ့်ကျခြင်း၊ စက်ရုံအလုပ်ရုံအတွင်း မတော်တဆ ထိခိုက်မှုများ ဖြစ်ပွားခြင်း၊ ထုတ်ကုန်အရည်အသွေး ညံ့ဖျင်းခြင်းများ ဖြစ်စေနိုင်သည်။

**ယဉ်ကျေးမှုဆိုင်ရာ နစ်နာဆုံးရှုံးမှု**

စာမတတ်ခြင်းကြောင့် လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာ နစ်နာဆုံးရှုံးမှုများ ကြီးမားလှပါသည်။ အဘယ့်ကြောင့်ဆိုသော် စာမတတ်မြောက်မှုသည် လူတစ်ဦးချင်းစီနှင့် စာပေလောကအကြား နံရံကြီးတစ်ချပ်ခြားထားသလို ဖြစ်ပေါ်နေသောကြောင့် ဖြစ်ပါသည်။ သာယာကြည်နူးမှုများနှင့် အလွန်အရေးပါသော သတင်းများကို စာအုပ်များ၊ မဂ္ဂဇင်းများနှင့် သတင်းစာများတွင် ရှာဖွေတွေ့ရှိနိုင်သော်လည်း စာမတတ်သူတို့အတွက် အဆက်ပြတ်နေမည်ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် ပြည်သူများနှင့်ဆိုင်သော ကိစ္စရပ်များ၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စွမ်းမရှိဘဲ ဖြစ်နေပေမည်။

**နိုင်ငံရေးဆိုင်ရာ နစ်နာဆုံးရှုံးမှု**

စာတတ်ခြင်းကြောင့် စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းအောင် နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေပါသည်။ စာမတတ်သူများ၊ အထူးသဖြင့် လုံးဝစာမတတ်သူများသည် ပြည်သူတစ်ယောက်၏ ရပိုင်ခွင့်များ၏ အသိများကိုသော်လည်းကောင်း၊ နားလည်ရန်အတွက်ကိုသော်လည်းကောင်း မကြာခဏ အကူအညီမဲ့ဖြစ်နေတတ်သည်။ စာမတတ်သူအရေအတွက် အလွန်များလာလျှင် ပြည်သူများသည် အစွမ်းအစမရှိသူများဖြစ်လာပြီး ဖိနှိပ်ချုပ်ချယ်သော သို့မဟုတ် တည်ငြိမ်မှုမရှိသော အုပ်ချုပ်သူများလက်တွင်းသို့ ကျရောက်သွားတတ်ပါသည်။

ထို့ကြောင့်လည်း ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးသည် နှစ်ပေါင်းများစွာကတည်းက ကမ္ဘာနှင့်အဝန်း စာမတတ်သူပပျောက်ရေးကို ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေးရပြီးသည်နှင့်တစ်ပြိုင်နက်တည်း စာမတတ်မြောက်မှုကို စတင်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။

ကိုလိုနီခေတ် ပညာရေးစနစ်၏ အကျိုးရလဒ်အဖြစ် စာမတတ်သူများပြားလာသောကြောင့် ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပထမပိုင်းကာလ သက်ကြီးများအတွက် "လူထုပညာရေးလုပ်ငန်း"ကို လည်းကောင်း၊ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဒုတိယပိုင်းကာလ "စာတတ်မြောက်ရေးကြိုးပမ်းမှုလုပ်ငန်း"ကိုလည်းကောင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသားများသည် ယဉ်ကျေးမှုအရ ရှေးအခါကာလကတည်းကပင် ပညာကို မြတ်နိုးလိုလားကြကာ ဆည်းပူးလေ့လာမှု၊ ပညာဖြန့်ဖြူးမှုတို့ဖြင့် အဆင့်အတန်းမြင့်မားခဲ့ကြသူများဖြစ်သည်။ စာတတ်မြောက်မှုအဆင့် မြင့်မားခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ ဒုတိယပိုင်းကာလ ၁၉၆၄ မှ ၁၉၈၈ အထိ စာတတ်မြောက်ရေးကြိုးပမ်းမှုလုပ်ငန်းကြီးသည် ကမ္ဘာသိဖြစ်သည်။

ဖော်ပြပါ စာတတ်မြောက်ရေးလုပ်ငန်းကို လှုပ်ရှားဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက သီးခြားရန်ပုံငွေ ခွဲဝေချမှတ်ပေးသည် မဟုတ်ချေ။ လူထုလှုပ်ရှားမှု အသွင်ဖြင့်သာ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ စေတနာ့ဝန်ထမ်းလုပ်အားပေး လူထုအင်အားအရင်းအမြစ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြသည်ဟူ၍ ဖော်ပြခဲ့သော ဦးသောင်းထွန်း (ရန်ကုန်ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အငြိမ်းစား) ပြုစုသည့် (Burmese Way to Literacy-1980) စာတမ်းကို အနောက်ဘာလင်၊ ယူနက်စကို အိုင်စီအေအီး၌ ကျင်းပခဲ့သည့် ညီလာခံတွင် ကိုယ်တိုင်တင်သွင်းခဲ့သည်ဖြစ်၍ မြန်မာ့လှုပ်ရှားမှုသည် "ကမ္ဘာသိ" ဖြစ်ခဲ့ရသည်။

ထိုသို့ "ကမ္ဘာသိ" ဖြစ်ခဲ့ရသည်နှင့်အညီ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက် နှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" များတွင် ယူနက်စကိုအဖွဲ့ချုပ်က "မိုဟာမက်ရီဇာပါလာဗီဆု"နှင့် "နိုမာဆု "တို့ကိုချီးမြှင့်ခဲ့သည်။ ထိုသို့ယူနက်စကိုအဖွဲ့ကြီးက မြန်မာနိုင်ငံကို ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်ခဲ့ခြင်းသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုသမိုင်းစဉ်တွင် "မြန်မာ့ဂုဏ်ဆောင်" အထိမ်းအမှတ်အောင်ပွဲ သမိုင်းမှတ်တိုင်များကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**၁၉၈၈ ခုနှစ်မှ ယခုအထိ တတိယပိုင်းကာလ**

စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှု တတိယပိုင်းကာလအတွင်း"လူတိုင်းအတွက် ပညာရေး" (Education For All by the year 2000) သို့ ရှေးရှုကြိုးပမ်းမှုပြုကြပြန်သည်။ မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တကြွစွာ ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုပြညွှန်းကိန်းတစ်ခုဖြစ်သည့် စာတတ်မြောက်မှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်းအထိရရှိပြီး ၁၉၉၀ ပြည့်နှစ် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့တွင် ကျင်းပပြုလုပ်ခဲ့သော လူတိုင်းအတွက် ပညာရေးဆိုင်ရာ ညီလာခံ၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၀၀ ပြည့်နှစ်အရောက်တွင် ပြည့်မီရမည့် မြန်မာနိုင်ငံ၏ သက်ကြီး စာတတ်မြောက်မှုနှုန်း ၈၉ ရာခိုင်နှုန်းထက် ၂ ရာခိုင်နှုန်းကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြပါသည်။

၂၀၀၀ ပြည့်နှစ် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကျင်းပသော ကမ္ဘာ့ပညာရေးညီလာခံကြီးက ၂၀၁၅ ခုနှစ်အတွင်း စာမတတ်မြောက်မှုနှုန်းကို လက်ရှိအခြေအနေမှ ၅၀ ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းအဆိုပြုထားရာ မြန်မာနိုင်ငံအတွက် စာတတ်မြောက်မှုနှုန်းသည် ၂၀၁၅ ခုနှစ်တွင် ၉၅ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ရမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနက ဒါကာအညွှန်းဘောင်အရ အဆိုပြုသော ၂၀၁၅ ခုနှစ် မတိုင်မီစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၅ ရာခိုင်နှုန်းပြည့်မီစေရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ လူဦးရေ သိပ်သည်းထူထပ်ပြီး သွားလာမှုလွယ်ကူသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ရွေးချယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ် နွေရာသီမှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိမည့် ဒေသစီမံချက်များရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာ ၂၀၁၀ ပြည့်နှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၉၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ မြင့်တက်လာသော စာတတ်မြောက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းရန်နှင့် ဆက်လက်တိုးတက်မြင့်မားလာစေရေးအတွက် ၂၀၁၁ ခုနှစ် နွေရာသီတွင်လည်း စာတတ်မြောက်ရေးလုပ်ငန်းကို မိမိဒေသနှင့်လိုက်လျောညီထွေရှိစေမည့် စီမံချက်များရေးဆွဲချမှတ်လျက် စာတတ်မြောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြသည်။

မြန်မာ့လူ့ဘောင်ကို အစဉ်သင်ယူနေသော လူ့အဖွဲ့အစည်းအဖြစ် ထူထောင်ရာ၌ ပြည်သူအားလုံး အခြေခံစာတတ်မြောက်ရေးသည် အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်ရာ နိုင်ငံအဝန်းတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် လိုအပ်သည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ၊ နယ်စပ်ဒေသ"အ"သုံးလုံးသင်တန်းများကို ဝေးလံခေါင်ဖျားဒေသများပါမကျန် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သော လူတိုင်းအတွက် ပညာရေးဆိုင်ရာဒါကာမျှော်မှန်းချက်ကို ကျော်လွန်၍ ၂၀၁၅ ခုနှစ်တွင် အိုမင်းမစွမ်းသူနှင့်ကျန်းမာရေးချို့တဲ့သူ စသည့် ခြွင်းချက်ပုဂ္ဂိုလ်များမှအပ လူတိုင်းစာတတ်မြောက်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုရင်လူ (ပညာရေးသုတေသန)**

## စာမတတ်သူ ပပျောက်ရေး

ပညာရွှေအိုး လူမခိုး  
ချစ်ဖွယ် ထိုဆိုရိုး၊  
တမြတ်တနိုး မှတ်စရာ  
ပညာရွှေခေတ်ပါ၊  
ပညာဆိုတာ အိုသည်မရှိ  
လူတိုင်းလူတိုင်းသိ။

ထိုအသိကို အခြေခံ  
ပညာတတ်မြောက်ရန်  
ပညာတတ်မှန် ဖြစ်စေဖို့  
စာတွေဖတ်ကြစို့။

စာတွေဖတ်ဖို့ စာသင်ယူ  
ကြီးငယ် ဘယ်မဟူ၊  
စာမတတ်သူ ပပျောက်ရေး  
ဝိုင်းဝန်းကူညီပေး။ ။

**သောင်းကိုကို**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်  
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)  
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့  
၇:၃၀ ၄။ နံနက်ခင်းသတင်း  
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး  
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ  
၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက  
၈:၂၅ ၈။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား)**  
၈:၄၀ ၉။ International News  
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်  
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး  
၄:၁၀ ၂။ တေးဂီတအစီအစဉ်  
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ  
၄:၂၅ ၄။ သီချင်းကြီးပဒေသာ  
၄:၃၀ ၅။ **မနီ ပြုံးနိုင်ပြီ**  
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)  
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ  
၅:၁၀ ၈။ **ကျေးလက်ဒေသဖွံ့ဖြိုးရန် ရည်သန် နမ္မတူမိသားစုနို့စားနွား မွေးမြူရေးခြံ**  
၅:၁၅ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသမီး)**  
၅:၂၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်  
၅:၃၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်  
၆:၀၀ ၁၂။ ညနေခင်းသတင်း  
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ  
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဇော့  
၆:၃၅ ၁၅။ ရွှေရင်ခုန်သံ  
၇:၀၀ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ  
၇:၁၅ ၁၇။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၂)  
၇:၄၀ ၁၈။ **(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆိုဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း)**  
၈:၀၀ ၁၉။ ပြည်တွင်းသတင်း  
၂၀။ နိုင်ငံတကာသတင်းများ  
၂၁။ မိုးလေဝသအခြေအနေ  
၂၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**  
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၉၁)  
၂၄။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ **ကွက်စိပ်ပြိုင်ပွဲ** ဝါသနာရှင် (ပထမတန်း)အဆင့် (ဒုတိယဆု) **တေမိယဇာတ်**(ဦးသော်တာ) (မန္တလေးတိုင်းဒေသကြီး)  
၂၅။ အစီအစဉ်ပြီး၏။

## မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၆

**ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၉-၂၀၁၁

**ပူတာအိုမြို့**  
၆ ဒသမ ၉၇ လက်မ  
**မချမ်းဘောမြို့**  
၄ ဒသမ ၇၂ လက်မ  
**ကျိုက္ကမီမြို့**  
၃ ဒသမ ၉၄ လက်မ  
**ပေါင်မြို့**  
၃ ဒသမ ၄၆ လက်မ  
**ချောင်းဆုံမြို့**  
၃ ဒသမ ၄၂ လက်မ  
**မော်လမြိုင်မြို့**  
၃ ဒသမ ၃၅ လက်မ

# ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ သင်တန်းဖွင့်ပွဲနှင့်ဆင်းပွဲများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၅ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) သင်တန်းဖွင့်ပွဲနှင့် လမ်းအရည်အသွေး စမ်းသပ်တိုင်းတာကွပ်ကဲခြင်း (အင်ဂျင်နီယာ)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး လမ်းအရည်အသွေး စမ်းသပ်တိုင်းတာကွပ်ကဲခြင်း (အင်ဂျင်နီယာ)သင်တန်းမှ သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**တက်ရောက်**

လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ လမ်းအရည်အသွေး စမ်းသပ်တိုင်းတာကွပ်ကဲခြင်း သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)




**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် စက်ဆန်းရေလုံသင်္ဘောကျင်း၌ ရာမည သောင်တူးရေယာဉ် လွှန်းတင်ပြင်ဆင်နေမှုနှင့် သင်္ဘောကျင်းတိုးချဲ့နိုင်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေးမြင့်မားရေး အစဉ်လေ့ကျင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အမြတ်အစွန်းရရှိအောင် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းကို ၁၉၅၇-၁၉၅၈ ခုနှစ်တွင် တပ်မတော်(ရေ)က စီမံကိန်းချမှတ်ပြီး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ ရေတပ်သင်္ဘောကျင်း အဖြစ်သို့လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် သင်္ဘောကျင်းကော်ပိုရေးရှင်းအမည်ဖြင့် နိုင်ငံပိုင်သင်္ဘောကျင်းအဖြစ်သို့လည်းကောင်း၊ ၁၉၈၉ ခုနှစ် မတ် ၃၁ ရက်တွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့လည်းကောင်း အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်း၍ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံပိုင်သင်္ဘောကြီးများနှင့် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်နိုင်သည့် ပြင်ပရေယာဉ်ကြီးများ လွှန်းတင်ပြင်ဆင်ပေးနိုင်သည့် လွှန်းကျင်းတစ်ခု တည်ဆောက်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ချေးငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၅ သန်းဖြင့် Shandong Agricultural Industrial Commerce Group Co-operation နှင့် ပူးပေါင်း၍ ၂၀၀၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းကို စတင်တည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် ပြီးစီးခဲ့သည်။

**တည်ဆောက်ပေး**

မြန်မာ့သင်္ဘောကျင်းသည် ကမ်းရိုးတန်းသွား ကမ်းထိုးရေယာဉ် "ကိုကိုကြီး"၊ "မုတ္တမ-၇"၊ ရေကြောင်းပြ ရေယာဉ်"ဧကရီ"၊ ကမ်းရိုးတန်းသွားဆီတင်ရေယာဉ် "ရွှေပြည်"၊ "ရွှေမြန်မာ"စသော ရေယာဉ်များကို တည်ဆောက်လွှဲပြောင်းပေးနိုင်ခဲ့သည်။ စတင်ဖွင့်လှစ်ချိန် ၁၉၇၀-၇၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ အထိ ရေယာဉ်တည်ဆောက်ခြင်း ၄၄၇ စင်းနှင့် ရေယာဉ်ပြင်ဆင်ခြင်း ၁၄၀၅ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဩဂုတ်လအထိ ရေယာဉ်သစ် ခြောက်စင်းတည်ဆောက်ပြီးစီးခဲ့ပြီး ၁၃ စင်း တည်ဆောက်ဆဲဖြစ်သည်။ ရေယာဉ်ပြင်ဆင်ရေးတွင် ၁၀ စင်း ပြင်ဆင်ပြီးစီးခဲ့ပြီး ၁၀ စင်းပြင်ဆင်ဆဲဖြစ်သည်။ မြန်မာ့သင်္ဘောကျင်းသည် ရေယာဉ်သစ်များတည်ဆောက်ရာတွင် ရေယာဉ်ကိုယ်ထည်သံပြားများ ဖြတ်တောက်သော Computerize Numerical Control Withing Machine၊ Shearing Machine နှင့် အောက်ဆီဂျင်ဓာတ်ငွေ့စက်ရုံ၊ အက်စီတလင်းဓာတ်ငွေ့စက်ရုံများ ပြည့်စုံစွာတည်ရှိသော နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ တည်ဆောက်နိုင်သော သင်္ဘောကျင်းဖြစ်၍ စင်ကာပူနိုင်ငံ JAVA Marine Line Pte., Ltd. နှင့် Meiwa Marine Pte., Ltd.၊ ပြင်သစ်နိုင်ငံ Corvette Shipping Co.,Ltd.၊ ဂျီဘရော်တာနိုင်ငံ Inca Enterprise Ltd., တို့အတွက် ရေယာဉ်ကြီးများနှင့် ရွက်လှေကြီးများ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရှိ ရေယာဉ်ကြီးများ လွှန်းတင်ပြင်ဆင်ခြင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် ရေယာဉ်များတည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် နိုင်ငံတော်ပိုင် သင်္ဘောကျင်းဖြစ်သည်နှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း နိုင်ငံတော်အတွက် လိုအပ်သော ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ ရေယာဉ်များ တည်ဆောက်ခြင်း၊ လွှန်းတင်ပြင်ဆင်ခြင်း၊ နိုင်ငံခြားဝင်ငွေရရှိရန် နိုင်ငံခြားကုမ္ပဏီများအတွက် ရေယာဉ်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရသည့် အားလျော်စွာ ဝန်ထမ်းများအနေဖြင့် အရည်အချင်း၊ အရည်အသွေးမြင့်မားစေရေး အစဉ်လေ့ကျင့်နေရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ပိုင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ နှစ်စဉ်အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေရှာဖွေပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းအဖွဲ့အစည်းအတွင်းတွင်လည်း လောကပါလတရားထွန်းကားပြီး နေပျော်သော ပတ်ဝန်းကျင်တစ်ခုဖြစ်လာအောင် ဖန်တီးဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာ့သင်္ဘောကျင်းအနေဖြင့် အတွေးသစ်၊ အမြင်သစ်များဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခေတ်နောက်ကျသော အတွေးအမြင်များကို ထားရစ်ခဲ့ပြီး ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်း၏ ရေယာဉ်သစ်တည်ဆောက်ရေးလုပ်ငန်းများ၊ ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများအား လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာဌာန စက်ဆန်းသင်္ဘောကျင်းသို့ ရောက်ရှိလာရာ စက်မှုအင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ(စက်မှု) ဦးဝင်းကိုကိုက စက်ဆန်းသင်္ဘောကျင်းသည် မစ္စတာ အာရ်အာရ်စန်းဆိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက မူလကပိုင်ဆိုင်ပြီး စန်းသင်္ဘောကျင်းဟု အမည်တွင်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မူလပိုင်ရှင်ထံမှ တန်ဖိုးငွေ ၁၄၅၄၉၆ ဒသမ ၂၅ ကျပ်ဖြင့် ပေးချေဝယ်ယူခဲ့ပြီး စက်ဆန်းရေလုံသင်္ဘောကျင်းဟု ခေါ်ဝေါ်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ဖွန် ၁ ရက်တွင် တပ်မတော်(ရေ)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဩဂုတ် ၉ ရက်တွင် တပ်မတော်(ရေ)မှ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ စက်ဆန်းသင်္ဘောကျင်းသည် အလျားပေ ၇၇၀၊ အနံ ၃၆၉ ပေ၊ ဧရိယာအကျယ်အဝန်းမှာ ၆ ဒသမ ၁၃၄ မီတာခန့်ရှိကြောင်းနှင့် ရေကြောင်းပြလုပ်ငန်း၊ သောင်တူးလုပ်ငန်းတို့ကို လုပ်ကိုင်သောလုပ်ငန်းနှင့် မြို့ပြလုပ်ငန်းသုံး ရေယာဉ်ကြီးများကို လွှန်းတင်၍ ရေပေါ်ရေအောက် ကိုယ်ထည်ပိုင်းနှင့် စက်ကိရိယာများ ချို့ယွင်းပျက်စီးမှုများ ပြင်ဆင်ခြင်း၊ အခြားဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ ရေယာဉ်များ လွှန်းတင်ပြင်ဆင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ဆန်းရေလုံသင်္ဘောကျင်း၌ "ရာမည" သောင်တူးရေယာဉ် လွှန်းတင်ပြင်ဆင်နေမှုနှင့် သင်္ဘောကျင်းတိုးချဲ့နိုင်မည့် မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုကိုးကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၆

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်း မြို့နယ်သို့ရောက်ရှိကာ မြို့နယ်ရဲစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိသားစုများကို အားပေးစကားပြောကြားသည်။**

**ပေးအပ်လှူဒါန်း**

ထို့နောက်(၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၁ ဒသမ ၅ သိန်း၊ လိုက်ပါလာသည့် တိုင်းဒေသကြီး ဌာနဆိုင်ရာများက ငွေကျပ် ၄ ဒသမ ၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်ကြီးများ၏ ဆေးကုသဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ထိုမှတစ်ဆင့်လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ၊ စားစရာများပေးအပ်၍ ကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကို ကျောင်းတာဝန်ခံ ဒေါ်အေးစုစုသန်းထံ ပေးအပ်သည်။

**တွေ့ဆုံ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီတွင် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ဌာနဆိုင်ရာများက လှူဒါန်းသော အားကစားပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ၊စားသောက်ကုန်များ၊ ဆေးဝါးများ၊ စာအုပ်စာစောင်များနှင့် မီးသတ်ဝတ်စုံများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားအပြီးတွင် ကိုကိုးကျွန်းမြို့နယ်ရှိ ဘိုးဘွားများအတွက် G.S ဘက်ထရီကုမ္ပဏီက လှူဒါန်းသော ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဘိုးဘွားများအား ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်မီးသတ်စခန်း၊ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းစခန်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကိုကိုးရေလှောင်တမံနှင့် ကျွန်းပတ်လမ်းတစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ် ဂါလန် ၄၉ သန်း သိုလှောင်ထားသည့် ကိုကိုးရေထိန်းတမံရှိ ဂါလန် ၁၂၀၀၀ ဆံ့ ရေစင်အနီး၌ သန့်ရှင်းသောရေရရှိရေး ထပ်မံတည်ဆောက်မည့် ရေစစ်ကန်နေရာ၊ ကိုကိုးကျွန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်နိုင်မည့်နေရာ၊ မြို့ကွက်တိုးချဲ့မည့်နေရာနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီးကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီးနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ပေးဝေနိုင်**

ကိုကိုးကျွန်းမြို့နယ်တွင် ထပ်မံတည်ဆောက်မည့် ရေစစ်ကန်သည် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၆ ပေရှိကာ သံကူကွန်ကရစ် ရေပန်းစနစ်ဖြင့် တည်ဆောက်မည်ဖြစ်၍ ပြီးစီးပါက ရေစစ်ကန်မှ သန့်စင်ပြီး ရေဂါလန် ၂၂၅၀၀ကို ပြည်သူများထံ နေ့စဉ်ပေးဝေနိုင်မည်ဖြစ်ကာ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၄၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ရေဆင်းတံတားအနီး၌ လိပ်သားပေါက်ကောင်ရေ ၂၅၀အား ပင်လယ်အတွင်း လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

SAYA-TONY Since 1989
IELTS / TOEFL (Foundation + Exam)

MAI

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ (အနော်မာ) မြေကွက်အမှတ် ၁၇၉၀/၃၃၊ ရောဝဏ်လမ်း၊ (၄၀ပေ×၆၀ပေ)၊ ၂၄၀၀စတုရန်းပေ၊ ဧရိယာ ၀.၀၅၅၁ဧက ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် မြေငှားအမှုတွဲအမှတ် သကတ/သစ်/၁၂/၉၈(၂၃-၂-၉၈)ဖြင့် (ဘ)ဦးရာမန်၏ သား ဦးတင်ဝင်း(ခ)မူးနီးရန်းဒီး ၁၂/ဒလန (နိုင်)၀၃၁၉၂၅မှ နှစ်၆၀ငှားရန် ရရှိအမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့မိတ်ဆွေတစ်ဦးမှ အမည်ပေါက်ပိုင်ရှင် ဦးတင်ဝင်းထံမှ အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးအပ်ထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်အရေးဆိုရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မြင့်(သထုံ)**
**B.A,H.G.P,R. L,D.B.L (စဉ်-၃၄၄၄)**

**မေခိုင်ထွန်း(ရှမ်းပြည်နယ်)**
**B.Sc,R.L,D.B.L,D.M.L(စဉ်-၃၅၂၂)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၁၂၊ မေယုလမ်းသွယ်(၃)၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၀၃၀၂၂၊ ၀၉-၅၀၆၇၀၇၊ ၀၁-၆၉၁၆၄၀၊ ၀၁-၅၈၀၁၄၇**

## Shwe Kaung San Travels & Tours

- မန္တလေး-စစ်ကိုင်း-မင်းကွန်း-ပြင်ဦးလွင် (လေးညအိပ် ငါးရက်) Oct 10,11/Nov7
- တောင်ကြီး-အင်းလေး-ပင်းတယ-ကုံလုံ-ကလော (သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲ oct 10,11) (တောင်ကြီး တန်ဆောင်တိုင်မီးပုံးပျံပွဲတော် Nov 5)
- ပုဂံ-ညောင်ဦး-ပုပ္ပား-စွယ်တော်လေးဆူ Oct 10,11 / Nov 7

ကုမ္ပဏီများ၊ ကျောင်းများ၊ မိသားစုများနှင့် အဖွဲ့အစည်းများအတွက် အထူးသီးသန့် စီစဉ်ပေးသည်။

**အမှတ်(၁၂၈) သုံးလွှာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၉၃၄၃၊ ၀၉-၄၉၃၂၉၄၀၊ ၀၉-၅၁၉၁၅၄၇၊ ၀၉-၈၆၃၆၃၂၂**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မဟော်ဝါးဂျာကွယ်(Howa Ja koi) ၏နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၃၃၉၃၂၆**

## ဖခင်အမည်မှန်

အထက-၃၊ ရေအိုးစင်ကျောင်း၊ ချောက်မြို့ တက္ကသိုလ်ဝင်တန်း(B) မှ မောင်ထွန်းထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးလှရီ(ခ)ဦးပြည့် ၉/ညဥန(နိုင်)၀၈၃၃၉၀ ဖြစ်ပါကြောင်း။

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် **ဒေါက်တာစန်းဦး**နှင့် ကျွန်မ**ဒေါ်သန်းရီ**တို့၏ သားဖြစ်သူ **မောင်စိုးမိုးသူ** (B.Com) ၁၂/ဒဂမ(နိုင်)၀၀၈၆၂၃ သည် မိဘများ၏အကြိမ်ပေါင်းများစွာ သွန်သင်ဆုံးမမှုကို နာခံခြင်း မရှိသည့်အပြင် ၂-၉-၂၀၁၁ရက်(သောကြာနေ့)က မိဘများကို အသိမပေးဘဲ နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ထိုရက်မှစ၍ ကျွန်တော်၊ ကျွန်မတို့၏ အမွေစားအမွေခံသားအရင်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။
(မေးမြန်းခြင်းသည်းခံပါရန်။)

ဒေါက်တာစန်းဦး ၁၂/အလန(နိုင်)၀၁၄၈၄၇
ဒေါ်သန်းရီ ၁၂/အလန(နိုင်)၀၁၄၈၃၁

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ဟိုပင်မြို့၊ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းမှုံမှုံအား မခင်ချိုဝင်းဟုလည်းကောင်း၊ အဋ္ဌမတန်းမှ မောင်ရန်နိုင်ထွန်းအား မောင်ရန်နိုင်နှင့် မောင်ထက်နိုင်လင်းအား မောင်သက်နိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်နှင့် ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးစောရှင်းဟွေ ၁/မညန(ပြု)၀၀၀၂၅၉ ဖြစ်ပါကြောင်း။

**မခင်ချိုဝင်း၊**
**မောင်ရန်နိုင်၊**
**မောင်သက်နိုင်၊**
**ဦးစောရှင်းဟွေ**

လားရှိုးမြို့ မြို့တော်ခန်းမ ၂၁.၉.၁၁ မှ ၂၅.၉.၁၁
ကုန်စည်ပြပွဲကြီး(ရှမ်းပြည်နယ်)
တောင်ကြီးမြို့ မြို့တော်ခန်းမ ၁၉.၁၀.၁၁ မှ ၂၃.၁၀.၁၁
Main Sponsor - NIBBAN ELECTRONICS
SMART BUSINESS GROUP - Ph : 01 527583 ,0973014777.

Lady First မှ ကျေးဇူးတင်ရှိခြင်း
(Lady First Latest Fashion)

## ကားရောင်းမည်

AD VAN
(Diesel)
၆ ခ-
**ဖုန်း-၀၉-၇၃၀၄၇၀၇၀**

## ကွန်ဒိုငှားမည်

3000 Sq ft-
ကမ္ဘာအေးဗီလာ
မရမ်းကုန်းမြို့နယ်
**ဖုန်း-၀၉-၇၃၀၄၇၀၇၀**

## ကွတ်ခိုင်မြို့နယ်၌ မိုင်းဟောင်းတစ်လုံးပေါက်ကွဲပြီး တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ မြို့ပတ်လမ်း ရပ်ကွက်(၅) အိမ်အမှတ်(င/၇၇)၌ စက်တင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲခန့်တွင် မိုင်းဟောင်းတစ်လုံးအား ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ကလေးငယ်တစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

စုံစမ်းစစ်ဆေးချက်များအရ အိမ်ရှင်ဖြစ်သူ ဦးတွမ်စိမ်းချမ်းသည် လွန်ခဲ့သည့် (၃/၄)နှစ်ခန့်က တောင်ယာမှအပြန် နမ့်ကွတ်ကျေးရွာအနီး၌ မိုင်းဟောင်းတစ်လုံးကို တွေ့ရှိပြီး အိမ်သို့ယူဆောင်ခဲ့ကြောင်း၊ ယင်းမိုင်းဟောင်းကို ၎င်းမိသားစုမှကလေးများ ယူဆော့ကစားသော်လည်း ပေါက်ကွဲမှုမဖြစ်နိုင်တော့ဟုယူဆပြီး တားမြစ်ဟန့်တားခြင်းမပြုခဲ့ကြောင်း၊ ကလေးများ မကြာခဏယူဆော့ကစားနေရာမှ ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတိပေး**

ဒဏ်ရာရ လူနာခြောက်ဦးအား ကွတ်ခိုင်မြို့ ပြည်သူ့ဆေးရုံမှ လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း၊ ကျည်ဖူးအဟောင်း၊ ဗုံးအဟောင်း၊ မိုင်းအဟောင်းများကို တွေ့ရှိပါက အိမ်သို့ယူဆောင်လာခြင်း၊ ပေါ့ဆစွာထားရှိခြင်း၊ ကလေးများဆော့ကစားစေခြင်းများ မပြုလုပ်သင့်ကြောင်း သက်ဆိုင်ရာက သတိပေးထားသည်။

**(သတင်းစဉ်)**

## အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ(၂)၊ အမှတ်(၂၆/၅)နေ ဦးဝမ်ရှန်ချစ် ၁၃/ဆဆန(နိုင်)၀၁၁၂၃၅ နှင့် ဒေါ်ခင်မေဝင်း ၁၃/တကန(ပြု)၀၀၀၀၅၄ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် လုပ်ငန်းလုပ်ကိုင်ရင်း ငွေကြေးအခက်အခဲများ ရုတ်တရက်ကြုံတွေ့ခဲ့ရပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ မိမိရရန်ရှိသော၊ ပေးရန်ရှိသော စာရင်းများအား ပြုစုညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မကြာမီ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်သူများအား အမြန်ဆုံး ရှင်းလင်းပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝမ်ရှန်ချစ်နှင့် ဒေါ်ခင်မေဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၈)**
**၁၅/၈၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။**
**ဖုန်း-၀၈၁-၂၀၁၁၃၄၊ ၀၉-၅၂၄၀၄၉၈**

## KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဇလုတ်ကြီးရွာဟောင်းနေ ဒေါ်ခင်စိန် အသက်(၄၈)နှစ်သည် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခန့်တွင် ရွာ၏အရှေ့ဘက် ၃ မိုင်ခန့်အကွာရှိ ခိုင်ရွှေသိန်းရော်ဘာခြံသို့ အလုပ်လုပ်ရန်သွားရောက်စဉ် တောလမ်းတစ်နေရာ၌ KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဘယ်ခြေဖဝါး ကွဲရှဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ရွှေကျင်မြို့နယ် သူရဲသမိန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့နံနက် ၀၀ နာရီ ၂၅ မိနစ်၊ ၁၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူးမားတြားမြောက်ပိုင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

ပိုလာမြေပဲဆီသန့် မိုးရာသီအထူးလျှော့ဈေး
မြေပဲဆီ ၁၀၀% စစ်စစ်
၁၀ ပိဿာ-၃၇၀၀၀ ကျပ်၊ ၅ ပိဿာ-၁၈၅၀၀ ကျပ်
အလှူအတန်းများအတွက် အထူးဈေးနှုန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ အရှေ့ဘက်မုခ်ဝတွင် ကျပ်သိန်း၂၀၀၀ အကုန်အကျခံတည်ဆောက်မည့် ဓာတ်တော်လှေကားအသစ် တည်ဆောက်ရန်အတွက် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း စက်ကွင်းရပ် အမှတ် (၅) နေ ဦးအောင်သန်း-ဒေါ်မာရှု သားသမီး၊ မြေးမြစ်တစ်စုက ဩဂုတ် ၂၇ ရက်၌ ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဟန်လွင်က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

## အလှဘုရင်မရွေးချယ်ပွဲ ကျင်းပမည်

**ပုသိမ် စက်တင်ဘာ ၅**

ပုသိမ်မြို့ အမှတ်(၃) နယ်မြေ သမိုင်းဝင် တာဝတိံသာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၁ ရက်မှ လပြည့်ကျော် တစ်ရက်(အောက်တိုဘာ ၈ရက်မှ ၁၃ရက်)အထိကျင်းပမည်ဖြစ်ရာ သံဃာတော်များ၏ အဘိဓမ္မာ ရွတ်ဖတ်ပူဇော်ပွဲ၊ဆွမ်းတော်ကြီးကပ်မီးထွန်းပွဲနှင့် ပွဲတော်နောက်ဆုံးနေ့ တာဝတိံသာ ဘုရားဆင်း ဗုဒ္ဓဝင်သရုပ်ဖော် အခမ်းအနားများကျင်းပပြီး ရုပ်ရှင်ဂီတ၊ ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ယခုနှစ်တွင် ပုသိမ်မြို့ ခိုင်ရွှေစင် (K.S.S) သောက်ရေသန့်ကုမ္ပဏီမှ ပံ့ပိုးကူညီမှုဖြင့် Miss ဧရာဝတီအလှဖန်တီးရှင်များ၏ အလှဘုရင်မရွေးချယ်ပွဲကို အောက်တိုဘာ ၁၀၊၁၁၊၁၂ သုံးရက်တိုင် ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ဖုန်း-၀၉-၄၉၇၂၂၃၈၂၊ ၀၉-၉၀၀၀၉၆၂၊ ၀၉-၅၁၀၈၇၆၀၊ ၀၉-၅၁၃၅၄၁၇ တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ပုသိမ်လှကြည်)**

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ သိမ်တော်ကြီးလမ်း ကရုဏာလူမှုကူညီရေးအသင်း(ပုသိမ်) (၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့နေဦးကျော်ဝေ-ဒေါ်သက်သက်ဟန်လွင် မိသားစုက လူနာတင် မော်တော်ယာဉ်တစ်စီးကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ခ၊ ဦးစိုင်းတို့က လွှဲပြောင်းလက်ခံယူစဉ်။ (၀၇၇)

## အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲ ဘုတလင်မြို့နယ်၌ ကျင်းပ

**မုံရွာ စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကံသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။

**ဆုများပေးအပ်**

အခမ်းအနားတွင် အလှူငွေများ ပေးအပ်ကြရာ ဗိုလ်မှူးချုပ်နိုင်ဝင်း ဇနီး ဒေါ်ခင်ထွေးဦးမိသားစုက လှူဒါန်းသော ထိုင်ခုံအလုံး ၂၀၀အတွက် ငွေကျပ် ၁၅ သိန်းနှင့် ကျောက်မဲဆရာတော်က လှူဒါန်းသော ကျောင်းဝင်း မြေတန်ဖိုးငွေကျပ်ငါးသိန်းကို အလှူရှင်များကိုယ်စား ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းအောင်ကလည်းကောင်း၊ ကျောက်မဲဆရာတော်က လှူဒါန်းသော ငွေကျပ် ခုနစ်သိန်းနှင့် ကျောင်းဝတ်စုံများအား တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေးမြို့ ရွှေမြင်းလက်ဖက်ခြောက်ပွဲရုံက လှူဒါန်းသော အလှူငွေကျပ် တစ်သိန်းကို ကံသာရွာမှ ဒေါ်မြသိုက်ကလည်းကောင်း၊ အေးချမ်းသာ လယ်/ထွေသမဝါယမအသင်းက လှူဒါန်းသော စာရေးကိရိယာများကို အသင်းဥက္ကဋ္ဌ ဦးသန်းငွေကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းပြီး ဆုပေးပွဲ အခမ်းအနားကျင်းပရာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်ရွက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၅**

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ထီဆိပ်ရွာမကျေးရွာအုပ်စု ထီဆိပ်ရွာမကျေးရွာ ဓမ္မာရုံခန်းမ၌ ကျင်းပသည်။

**စာရင်းကောက်ယူမည်**

စာရင်းကောက်ယူရာတွင် မြို့နယ်ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ထီဆိပ်ရွာမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာချင်းသို့ ကွင်းဆင်းသွားရောက်၍ စာရင်းကောက်ယူကြသည်။ အဆိုပါအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၂ ရွာသို့ ကွင်းဆင်း၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အသေးစား ပုဂ္ဂလိကချေးငွေလုပ်ငန်းအသင်း သထုံ၌ ဖွဲ့စည်း

**သထုံ စက်တင်ဘာ ၅**

သထုံမြို့နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး စီမံချက်အရ အသေးစား ပုဂ္ဂလိက ချေးငွေလုပ်ငန်းဖြစ်သည့် ဟိန်းကျေးလက်ဒေသအလိုက် လက်လုပ်လက်စား ချေးငွေလုပ်ငန်းသမဝါယမ အသင်းလီမိတက် ဖွဲ့စည်းခြင်းနှင့် ချေးငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီက သထုံမြို့ သိမ်ဆိပ်တိုက်နယ် အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ၊ အမှုဆောင် ငါးဦးနှင့် စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ကာ အသင်းဖွဲ့စည်းပြီး အသင်းရှိ လက်လုပ်လက်စား အသင်းသား ၁၀၁ ဦးအနက် ၅၀ တို့ကို ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် စံပြမိခင်ပြိုင်ပွဲ လပွတ္တာခရိုင်၌ ကျင်းပ

**လပွတ္တာ စက်တင်ဘာ ၅**

လပွတ္တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**ဆုများပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ဆုရရှိသူအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက ချီးမြှင့်သည်။ မြို့နယ်ကျန်းမာရေးမှူးက စံပြမိခင်ပြိုင်ပွဲဝင် ၂၀အား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများ ဩဂုတ် ၃၀ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။(မြို့နယ် ပြန်/ဆက်)

## ပေးအပ်

**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း ချေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၆ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစိန်က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုယ်စား အမှတ် (၁၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝေအား ချေးငွေများပေးအပ်စဉ်။** (မြန်မာ့အလင်း)

## ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ကွန်ရက်အတွင်း တည်ဆောက်ဆဲ တံတားငါးစင်းသာ ပြီးစီးရန်ကျန်ရှိ

**ရန်ကုန် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်စီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်သော အရှည် (၃၈/၅)မိုင်ရှိ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ကွန်ရက်တွင်ပါဝင်သည့် တံတားအစင်းပေါင်း ၁၆ စင်းအနက် တည်ဆောက်ဆဲ တံတားငါးစင်းသာ ကျန်ရှိတော့သည်။

**တည်ဆောက်ဆဲ**

အရှည်ပေ ၁၂၀ရှိ ဘုရားချောင်းတံတား၊ အရှည် ၄၆၆ပေရှိ အောက်နတ်ချောင်းတံတား၊ အရှည်ပေ ၈၀ရှိ တူးမြောင်းချောင်းတံတား၊ အရှည်ပေ ၁၃၀ရှိ ကျီးချောင်းတံတား၊ အရှည်ပေ ၁၂၀ရှိ ကျီးချောင်းရေကျော်တံတား၊ အရှည်ပေ ၁၄၀ရှိ ဂရန်းချောင်းတံတား၊ အရှည်ပေ ၈၀ရှိ ပျဉ်ဘိုကြီးတူးမြောင်းချောင်းတံတား၊ အရှည်ပေ ၃၅၀ရှိ ထော်ပိုင်ချောင်းကူးတံတား၊ အရှည်ပေ ၆၀ရှိ ဥတိုကြားချောင်းတံတား၊ အရှည်ပေ၈၀ရှိ ရွှေချောင်းတံတားနှင့်အရှည်ပေ ၁၂၀ရှိ ခမီကြီးချောင်းတံတားများမှာ ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီး အရှည်ပေ ၁၁၂၀၀ရှိ သင်္ကန်းချောင်းတံတား၊ အရှည် ၉၃၁ပေရှိ စက်ဆန်းတံတား၊ အရှည် ၁၅၈၅ပေရှိ ပသီချောင်းတံတား၊ အရှည် ၅၄၆ပေရှိ လိပ်ချောင်းတံတားနှင့်အရှည်ပေ ၁၃၀၀ရှိ ကမာဟောက် ချောင်းတံတားတို့မှာ တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။

**တိုတောင်း**

အဆိုပါတံတားများပြီးစီးသွားပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားလာနိုင်မည်ဖြစ်သည်။ ယခင်က ဘိုကလေးမှ အမာသို့သွားလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းမှ သွားလျှင် ခရီးမိုင် (၃၂/၅)ဖာလုံ တိုတောင်းသွားမည်ဖြစ်သည်။ **(မောင်မောင်ထွေး-သတင်းစဉ်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

**နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံမင်္ဂလမုတ္တမံ = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ

## မေးခွန်း (၁၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုနှစ်ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ်သုံးခု တင်သွင်းခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၃)ဦးတို့ တက်ရောက်ကြသည်။

**ဆောင်ရွက်**

ယနေ့ လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၁၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပ

## မေးခွန်းရှစ်ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆိုတစ်ခုကို အတည်ပြုခြင်းနှင့် အသစ်တစ်ခု တင်သွင်းခြင်းများ ဆောင်ရွက်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

ယနေ့ အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀) တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●

7-9 (20).pmd 1 9/7/2011, 4:04 AM